# ကြေးမုံ

**The Mirror Daily**

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက် လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 8 January 2023 ၁၀၉၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန်းရွှေစက်တော် ဘုရားပွဲတော်ကာလ မင်းဘူး-ရွှေစက်တော် မော်တော်ယာဉ်လိုင်း ပြေးဆွဲသွားမည်



မန်းရွှေစက်တော်ဘုရားပွဲတော်သို့ လာရောက်ကြသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

**မင်းဘူး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ ဘုရားဖူးလာရောက်ကြသူများ သွားလာရေး လွယ်ကူချောမွေ့အဆင်ပြေစေရန်အတွက် မင်းဘူး-ရွှေစက်တော် ခရီးသည်တင် မော်တော်ယာဉ်လိုင်းကို ဘုရားပွဲတော်ကာလအတွင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်(ဇန်နဝါရီ ၂၅ ရက်)မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများနှင့် ဈေးရောင်း ဈေးဝယ်များ သွားလာရေး လွယ်ကူချောမွေ့ အဆင်ပြေစေရန် ပွဲတော်ကာလအတွင်း မင်းဘူးမြို့ မြောက်လှည်းကောက် အဝိုင်းပတ်ဂိတ်၌


စာမျက်နှာ ၅ ကော်လံ ၄ သို့ ☆


**ယနေ့ ဖတ်စရာ**


**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့၌ မွေးဖွားခဲ့သည့် ကလေးငယ်များနှင့်မိခင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်**


စာမျက်နှာ » ၅


**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ အများပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြပြီး အထူးစည်ကားလျက်ရှိ**


စာမျက်နှာ » ၁၀


## မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်းသို့ ခရီးသွားရာသီ၌ ငှက်ကြည့်ဝါသနာရှင်များနှင့် အပန်းဖြေအနားယူသူများ လာရောက်လျက်ရှိ




**ရန်ကုန် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်း၌ ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီတွင် ငှက်ကြည့်ဝါသနာရှင်များ၊ လေ့လာသူများနှင့် အပန်းဖြေအနားယူသူများ လာရောက်လျက်ရှိကြောင်း သိရသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တော အပန်းဖြေစခန်းသို့ ဆောင်းရာသီခရီးသွားကာလတွင် နေ့စဉ်ခရီးသွား အပန်းဖြေ လာရောက်လေ့လာသူ ၁၀၀ မှ ၁၅၀ ခန့်ရှိပြီး စနေ၊ တနင်္ဂနွေနေ့များ၌ ခရီးသွား ၃၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။ နှစ်သစ်ကူးနေ့နှင့်


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

# ကြေးမုံ

## သာယာဝပြောသည့်တိုင်းပြည် အစွန့်ရှည်တည်

"တိုင်းပြည်သာယာဝပြောမည်ဆိုပါက လက်ရှိအခြေအနေထက် အဆပေါင်းများစွာတိုးတက်ရန် အခွင့်အလမ်းရှိသဖြင့် တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိတ်သဘောထားကြီးစွာ၊ စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇန်နဝါရီလ ၆ ရက်နေ့က ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအားတွေ့ဆုံစဉ် လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းပြည်သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် တိုက်ရိုက်ဆက်စပ်နေသော အရေးကိစ္စဖြစ်သလို တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တိုက်ရိုက်ပတ်သက်နေသောကိစ္စဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝဆောင်ရွက်နိုင်ခွင့်မရဘဲ သာယာဝပြောရေးနှင့်အလှမ်းဝေးနေမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တစ်ပြိုင်တည်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်အတွင်းမှ ဆောင်ရွက်နိုင်ရန် အခြေအနေများပေးခဲ့ပြီး လုပ်ပိုင်ခွင့်များကို အသုံးချနိုင်သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ တရားဥပဒေစိုးမိုးရေးတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခြင်းကြောင့် ဆောလျင်စွာ တည်ငြိမ်မှုများရရှိခဲ့သည်။ ရှေ့ဆက်၍လည်း ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို စတင်ဆောင်ရွက်ချိန်၌လည်း ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာကျင့်သုံးခဲ့ရာ ဒီမိုကရေစီအစိုးရ ပထမငါးနှစ်သက်တမ်းအတွင်း နိုင်ငံ၏ GDP တိုးတက်မှုမှာ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ဒုတိယအစိုးရသက်တမ်းကာလသို့ရောက်သောအခါ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။ စီးပွားရေးကျဆင်းခဲ့ခြင်းသည် အတွေ့အကြုံမရှိမှုနှင့် စီမံခန့်ခွဲမှုလွဲမှားမှု၊ ပြည်ပအကူအညီအထောက်အပံ့များကို မှီခိုမှုများပြားမှုနှင့် ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်းတို့ကြောင့် စီးပွားရေးကျဆင်းခဲ့သည်ဟု သုံးသပ်ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန် စတင်ယူသည့်အချိန်တွင် ယခင်အစိုးရလက်ထက် စီးပွားရေးကျဆင်းမှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုတို့ကြောင့် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိကျဆင်းခဲ့သည်။

သို့သော် အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တက်ညီလက်ညီဆောင်ရွက်နိုင်ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် ပထမခြောက်လတာကာလအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ရှစ်ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာပြီး ဒုတိယခြောက်လတာကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာသည်။ ထိုသို့တိုးတက်လာခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အားပေးမြှင့်တင် ဆောင်ရွက်ပေးခြင်းများ ရှိသကဲ့သို့ ပြည်တွင်း၌ရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများ၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မှုများကို ထိရောက်စွာအသုံးချနိုင်သောကြောင့် နိုင်ငံ့စီးပွားရေး ပြန်လည်မြင့်မားတိုးတက်လာခြင်းဖြစ်သည်။

တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်ရာ၌ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့ကို အလေးထားလုပ်ဆောင်နိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်တွင်းစီးပွားရေးကို ဦးစားပေးမြှင့်တင်ပေးကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်အခြေအနေမျိုး ကြုံတွေ့နေရသည်ဖြစ်စေ စီးပွားရေးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အဘက်ဘက်တွင်ကြုံတွေ့နေရသောအခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်သူအားလုံးတို့၏ လိုလားချက်ဖြစ်သည့် သာယာဝပြောသည့်တိုင်းပြည် အစွန့်ရှည်တည်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတထံမှ သဝဏ်လွှာ ပေးပို့

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာ အယ် အာဆတ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အဆွေတော်၏ နှစ်လိုဖွယ်နိုင်ငံတော်ကြီး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားအတွက် ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးအား ပိုမိုတိုးတက်ခိုင်မာစေရေး အတူတကွလက်တွဲဆောင်ရွက်သွားရန် မိမိတို့၏စိတ်ဆန္ဒရှိမှုအား ထပ်လောင်းအတည်ပြုပြောကြားလိုပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိကြာကန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိအောင်သုခဗိမာန်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ ညောင်ရိပ်သာ ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မိုးကုတ်ရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ စွယ်တော်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ကန်မိန်းပရိယတ္တိစာသင်တိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပုသိမ်မြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးရှိ မေတ္တာမြင်းမိုရ်ခန်းမ၌ ကျင်းပခဲ့သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ပညာရေးစုံညီပွဲတော်အား တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဆရာကြီး ဒေါက်တာချစ်ကိုကို၊ ခရိုင်ပညာရေးမှူး ဆရာမကြီးဒေါ်သန်းသန်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အဆင့်ကာယနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၇

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

## တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဒုတိယဥက္ကဋ္ဌဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) မှ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြပြီးနောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လက်မှတ်ရေးထိုးစဉ်။




အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း လက်မှတ်ရေးထိုးစဉ်။




အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင် လက်မှတ်ရေးထိုးစဉ်။




“ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု လက်မှတ်ရေးထိုးစဉ်။




အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ လက်မှတ်ရေးထိုးစဉ်။




ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် လက်မှတ်ရေးထိုးစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားများနှင့် ပန်းခင်းစီမံချက်တွင် အောင်မြင်စွာဆောင်ရွက်ခဲ့ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများအား နှစ်သစ်ကူးမိတ်ဆုံစားပွဲဖြင့် တည်ခင်းဧည့်ခံ





နေပြည်တော် ဇန်နဝါရီ ၇

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားများနှင့် ပန်းခင်းစီမံချက်တွင် အောင်မြင်စွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၏ နှစ်သစ်ကူးမိတ်ဆုံစားပွဲကို ယမန်နေ့ ညပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုံညီဧည့်ခန်းမ၌ကျင်းပသည်။

မိတ်ဆုံစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား ကဏ္ဍအသီးသီးတွင် တာဝန်ကျေပွန်စွာဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း၊ ပန်းခင်းစီမံချက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုကိုလည်း အသိအမှတ်ပြုဂုဏ်ပြုကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးတံဆိပ်ရရှိသူ ၃၁၉ ဦးကိုလည်း မှတ်တမ်းတင်ကြောင်း၊ ယခု နှစ်သစ်ကူးကာလမှစ၍ ပေးအပ်သည့်တာဝန်များကို ဆတက်ထမ်းပိုး ကျေပွန်စွာထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်ငွေများ ပြန်လည်ပေးအပ်

ထို့နောက် ဂုဏ်ပြုယာဉ်တည်ဆောက်ရေးတာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက ပြည်ထောင်စုဝန်ကြီးထံ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ဂုဏ်ပြုယာဉ်အထူးဆုပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်ထံ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနကိုယ်စားပြုပြခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းထံ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲတွင် ပါဝင်ချီတက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများ၊ မိသားစုများနှင့်အတူ နှစ်သစ်ကူးမိတ်ဆုံညစာသုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နှစ်သစ်ကူးမိတ်ဆုံစားပွဲတွင် သီဆိုဖျော်ဖြေပေးကြသည့် New Age အဖွဲ့အား ချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပန်းခြင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မိတ်ဆုံစားပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ၎င်းတို့၏ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်တံတားမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစမ်းသပ်ကောက်ယူ

ကျောက်တံတား ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားမြို့နယ်တွင် မြေပြင် တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group)များက အိမ်ထောင်စု လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စမ်းသပ်ကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းမှ စတင်၍ အမှတ်(၇)ရပ်ကွက်အတွင်း စမ်းသပ်ကောက်ယူခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်တံတားခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်လွင်နှင့် အဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များ၊ ကျောက်တံတားမြို့နယ် လဝက ဦးစီးမှူး ဦးတင်စိုးတို့က လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။



မြို့နယ်အတွင်းရှိ မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်း ကောက်ယူရေး အဖွဲ့များက အိမ်ထောင်စု လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စမ်းသပ်ကောက်ယူမှုကို မြို့ပေါ်ရပ်ကွက်ဖြစ်သည့် အမှတ်(၇)ရပ်ကွက်၌ လမ်းတစ်ခုလျှင် ကောက်ကွက်တစ်ဖွဲ့နှင့်ကောက်ကွက်လေးကွက်ဖြင့် အဖွဲ့လေးဖွဲ့ခွဲ၍ စမ်းသပ်ကောက်ယူခဲ့သည်။

ကျောက်တံတားမြို့နယ်တွင် အိမ်ထောင်စု လူဦးရေစာရင်း ကောက်ယူမှုကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ အဖွဲ့လေးဖွဲ့ဖြင့် စာရင်းကောက်ယူသွားမည်ဖြစ်ပြီး တစ်ဖွဲ့လျှင် အဖွဲ့ဝင် ငါးဦးဖြင့် စာရင်းကောက်ကွက် တစ်ကွက်လျှင် အိမ်ထောင်စု ၅၈၀ နှုန်း ကောက်ယူသွားမည်ဖြစ်ရာ မြို့နယ်အတွင်း၌ ရပ်ကွက်ကိုးခုရှိသည့်အနက် အိမ်ထောင်စုလူဦးရေစာရင်း ၁၁၇၁၈ စုရှိသည့်အတွက် မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်း ကောက်ယူရေးအဖွဲ့များအနေဖြင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး သင်တန်းများ ဖွင့်လှစ်ပို့ချထားပြီးဖြစ်ကြောင်း လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ပထမအကြိမ်) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးသန့်က အသင်းကြီး၏ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေမှုအဝဝတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်က အသင်းဖွဲ့စည်းထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရန်ပုံငွေပေးအပ်

ဆက်လက်၍ ခရိုင်အထွေထွေအတွင်းရေးမှူး ဦးကျော်စည်သူက လုပ်ငန်းများ စီစဉ်ဆောက်ရွက်ထားနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော အလုပ်အမှုဆောင်များက ဘဏ္ဍာငွေရှာဖွေနိုင်ရေးကိစ္စရပ်များကို တင်ပြကြပြီး အလုပ်အမှုဆောင်များက စုပေါင်း၍ လှူဒါန်းသော ခရိုင်အတွက် ရန်ပုံငွေကျပ်သိန်း ၅၀ ကို အလုပ်အမှုဆောင်ဦးဝင်းနိုင်က ပေးအပ်ခဲ့ရာ ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်က လက်ခံရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

တင်ဝင်းတင်



# ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာသင်တန်း အမှတ်စဉ်(၃)ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (Myanmar International Arbitration Centre – MIAC)က ဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို) သင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့တက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး MIAC (ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားကာ အနုညာတစီရင်ဆုံးဖြတ်ခြင်းအကြောင်းနှင့် နိုင်ငံတကာအတွေ့အကြုံများကို ဆွေးနွေးသည်။

ထို့နောက် သင်တန်းတာဝန်ခံ ဦးကျူးခေါင်က သင်တန်းနှင့်ပတ်သက်၍ ယခုဖွင့်လှစ်သည့်သင်တန်းသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းအခြေခံသင်တန်း တတိယအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး အမှတ်စဉ်(၄)ကိုလည်း ဖေဖော်ဝါရီ ၄ ရက်မှ ၂၅ ရက်အထိ စနေနေ့တိုင်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ထားရှိကြောင်း၊ အခြေခံသင်တန်းပြီးဆုံးပါက Advance Course နှင့် Arbitration Course များကို ဆက်လက်တက်ရောက်နိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး သင်တန်းသားများ၏မေးမြန်းချက်များကို ဖြေကြားခဲ့ကြောင်း သိရသည်။

မောင်မောင်(လှိုင်စစ်)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့၌ မွေးဖွားခဲ့သည့်ကလေးငယ်များနှင့် မိခင်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၇**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၌ မီးဖွားလူနာ ပြည်သူ ၂၆ ဦးနှင့် တပ်မတော်သားမိသားစုဝင် ၁၄ ဦး စုစုပေါင်း ၄၀ တို့၏ ကလေးငယ်များကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်ဆေးရုံများ၌ မွေးဖွားခဲ့သည့် ကလေးငယ်များနှင့် မိခင်များကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကလေးငယ်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဆိုပါဂုဏ်ပြုချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အမ်းမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ကလေးမီးဖွားခဲ့သည့်အတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



မိုင်းဆတ်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ကလေးမီးဖွားခဲ့သည့်အတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

# မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကွဲကူး)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကွဲကူး)၏ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း ပုလဲရွှေရည်ခန်းမ၌ ကျင်းပရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အဆင့် စာစီစာကုံးနှင့် သချၤာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် သင်ကြားပြသမှုစွမ်းဆောင်ရည်ဆုရ ဆရာ ဆရာမများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူးက ပညာရေးငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

**သတင်းစဉ်**




**❖ ရှေ့ဖုံးမှ**

လွတ်လပ်ရေးနေ့တို့တွင် ခရီးသွား ၆၀၀ ကျော် ဝင်ရောက်အပန်းဖြေခဲ့ပြီး အေးချမ်းသော နေထွက်ချိန်သဘာဝအလှနှင့် နံနက်ခင်းဆောင်းခိုငှက်တို့ အစာရှာချိန်တို့တွင် အပန်းဖြေသူနှင့် ငှက်ကြည့်ဝါသနာရှင်တို့ဖြင့် အထူးစည်ကားခဲ့သည်။

“ဆောင်းခိုငှက်ဝင်ရောက်ချိန်ဖြစ်ပြီး ခရီးသွားရာသီဖြစ်တဲ့အတွက် မိုးယွန်းကြီးအင်းဘေးမဲ့တောကို အပန်းဖြေလာရောက်တာများပါတယ်။ ခရီးသွားတွေ အပန်းဖြေ ငှက်ကြည့်နိုင်ဖို့အတွက် အင်းထဲမှာစက်လှေတွေ စီစဉ်ပေးထားပါတယ်။ ပြည်တွင်း ပြည်ပ ခရီးသွားတွေ ငှက်ကြည့်ရာမှာ အဆင်ပြေပြေလေ့လာနိုင်ဖို့အတွက် Guide တွေလည်း ထားရှိပါတယ်။ ပြီးတော့ အင်းထဲမှာ ငှက်ကြည့်ရင်း ဘုရားလည်းဖူးနိုင်ပါတယ်။ စိတ်ကြည်နူးမှုရရှိအောင် ကြာပင်တွေနဲ့ စိမ်းစိုအပင်တွေစိုက်ပျိုးထားပြီး အပန်းဖြေတဲ့အခါမှာလည်း ဘန်ဂလိုမှာတည်းခိုတာထက် သဘာဝအတိုင်း တည်းခိုအပန်းဖြေနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ နှစ်သစ်ကူးနဲ့ လွတ်လပ်ရေးနေ့မှာ အပန်းဖြေခရီးသွား ဝင်ရောက်ခဲ့တာကြောင့် လာမယ့်ပြည်ထောင်စုနေ့မှာလည်း ခရီးသွားဝင်ရောက်မယ်လို့ မျှော်မှန်းထားပါတယ်”ဟု မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောသည် ဧက ၂၅၆၀၀ ကျယ်ဝန်းပြီး မြန်မာနိုင်ငံတွင် ပထမဆုံးရေဝပ်ဒေသ (Ramsar Site)အဖြစ် ၂၀၀၅ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များဝင်ရောက်ရာ အရှေ့အာရှ-ဩစတြေးလျ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း Flyway Network Site ပေါ်တွင် တည်ရှိသောကြောင့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ ဌာနေငှက်များနှင့် ဆောင်းခိုငှက်များကျက်စားရာနေရာဖြစ်၍ ကမ္ဘာတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော ရေပျော်ငှက်များ ထိန်းသိမ်းကာကွယ်ရာ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောလည်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း ၆၉ မိုင်ခန့်အကွာ ပျဉ်ပုံကြီးရွာအလွန်တွင် ကားလမ်းမှ အတွင်းသို့ ခြောက်ဖာလုံခန့် ဝင်ရောက်၍ ခရီးသွားများ လာရောက်အပန်းဖြေလျက်ရှိသည်။ ဆောင်းရာသီတွင် သဘာဝအလှတို့နှင့်အတူ ဆောင်းခိုငှက်များဖြင့် အလှချင်းပြိုင်လျက်ရှိသော မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ခရစ္စမတ်နေ့နှင့် လွတ်လပ်ရေးနေ့တို့တွင် ခရီးသွားများနှင့် အပန်းဖြေသူများ တဖွဲဖွဲဝင်ရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ခရီးသွားရာသီတွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဆောင်းအအေးဓာတ်နှင့်အတူ အပန်းဖြေသူများ၊ ငှက်ကြည့်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

**☆ မန်ရွှေစက်တော်မှ**

အောင်မန်း မော်တော်ယာဉ်ငယ်လိုင်းမှ ဇန်နဝါရီ ၂၅ ရက်မှစတင်ကာ နံနက် ၆ နာရီမှ ည ၆ နာရီအထိ မင်းဘူး-ရွှေစက်တော် ယာဉ်လိုင်းကို ပြေးဆွဲသွားမည့်အပြင် အဆိုပါယာဉ်လိုင်းမှ မန်းရွှေစက်တော်ဘုရားကြီး၌ တောင်ပေါ်-တောင်အောက် (အတက်-အဆင်း) ခရီးစဉ်ကိုလည်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်လိုင်းပြေးဆွဲရာမှာ အောင်မန်းမော်တော်ယာဉ်ငယ်လိုင်းမှ ၁၂ ယောက်၊ ၁၅ ယောက်ဆံ့ မှန်လုံယာဉ်ငယ်များဖြင့် မင်းဘူး-ရွှေစက်တော်ခရီးစဉ်ကို ယာဉ် ၁၀ စီး၊ တောင်ပေါ်-တောင်အောက် (အတက်-အဆင်း) ခရီးစဉ်ကို ယာဉ်အစီး ၂၀ စုစုပေါင်း ယာဉ်အစီးရေ ၃၀ ဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး ပွဲတော်ကာလ ယာဉ်အစီးရေ လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယာဉ်စီးခနှုန်းထားကို စက်သုံးဆီ ဈေးနှုန်းအပေါ်မူတည်၍ သတ်မှတ်ထားကာ ယာဉ်လိုင်းပြေးဆွဲမည့် အသုံးပြုယာဉ်များ ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲမောင်းနှင်နိုင်စေရေး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာကိုကိုက ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကာလ ယာဉ်လိုင်းများပြေးဆွဲရာ၌ ယာဉ်စီးခနှုန်းထားများကို မင်းဘူး-ရွှေစက်တော် ခရီးစဉ်တွင် အသွား ငွေကျပ် ၆၀၀၀၊ အပြန် ငွေကျပ် ၆၀၀၀ နှုန်း၊ တောင်ပေါ်-တောင်အောက် ခရီးစဉ်တွင် အတက် ငွေကျပ် ၁၀၀၀၊ အဆင်း ငွေကျပ် ၅၀၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# နှစ်သစ်မှာ ကြွေးသစ် မတင်စေချင်၊ နှစ်ဟောင်းက ကြွေးဟောင်းသာ ဆပ်စေချင်

ဒေါက်တာမြတ်မိုး

အကျပ်အတည်းတွေ၊ ဒုက္ခတွေ၊ အနိဋ္ဌာရုံတွေ၊ ဖိစီးမှုတွေ၊ သံသယတွေ၊ မလုံခြုံမှုတွေ၊ မျှော်လင့်ချက်မဲ့မှုတွေ၊ သောကတွေနဲ့ ကမ္ဘာကြီးက မငြိမ်းချမ်း၊ မငြိမ်းချမ်းမှုရဲ့ မူလအစက ရောဂါကပ်၊ နေရာအနှံ့မှာဖြစ်နေတဲ့ ကန့်သတ်စစ်၊ ရောဂါနဲ့ စစ်ပွဲနဲ့ ပေါင်းမိတော့ စီးပွားပျက်၊ စီးပွားကပ်ရဲ့ အကျိုးဆက်က ဆင်းရဲမှုနဲ့ အငတ်ဘေး၊ အလုပ်အရမ်းကြမ်းလွန်းတဲ့ ဗဟိဒ္ဓကမ္ဘာကြီးက အနေအထားအရ ငြိမ်းချမ်းဖို့ လမ်းစတော်တော်နဲ့ မမြင်၊ မိမိအဇ္ဈတ္တ အတွင်းသန္တန်မှာ ငြိမ်းချမ်းဖို့သာအဓိကဖြစ်လာတဲ့အခါ မိမိစိတ်လေး ငြိမ်းချမ်းမှုရဲ့ လမ်းစကိုသာ ရှာနေမိတော့တယ်။ တစ်ကျော့ပြန် ကိုဗစ်နဲ့ မုန်တိုင်းနှင်းထုကြားမှာ နောက်ထပ် မမြင်ချင်၊ မကြားချင်လောက်တဲ့ အနိဋ္ဌာရုံတွေကို စိတ်မချမ်းမသာဖြစ်နေသူတွေ၊ အလွန်အကျွံတွေးနေမိသူတွေ၊ စိတ်ဓာတ်ကျနေသူတွေအတွက်....

### ဆောင်တရား၊ ရှောင်တရား

ကမ္ဘာကြီးငြိမ်းချမ်းဖို့ဆိုတဲ့အတွေးက ဝေးပါသေးတယ်။ တောင်းဆိုဖို့လည်း ခက်ပါတယ်။ မိမိစိတ်ကို ငြိမ်းချမ်းအောင်သာ ဘယ်လိုကြိုးစားမလဲဆိုတဲ့အချက်က ပိုအရေးကြီးပါတယ်။ တစ်ဦးချင်း ငြိမ်းချမ်းမှ အများငြိမ်းချမ်းမှုကို ရမှာကိုး။ အများငြိမ်းချမ်းမှ ကမ္ဘာကြီးငြိမ်းချမ်းမယ်၊ ကမ္ဘာကြီးအတွက် တစ်ဦးချင်းဆီက စလိုက်ရင် အဆင်ပြေပါတယ်။ အရေးကြီးတာက ကိုယ့်စိတ်ကိုဦးစွာ ငြိမ်းချမ်းအောင်လုပ်ဖို့ပါပဲ။ ဘယ်လိုလုပ်နိုင်ပါ့မလဲ..။

**ဆရာတော်ကြီးများက တစ်ဦးချင်းငြိမ်းချမ်းမှ ကမ္ဘာကြီးငြိမ်းချမ်းမယ်၊ ဒါကြောင့် တစ်ဦးချင်း ငြိမ်းချမ်းအောင် ပွားများအားထုတ်ရမယ့် နည်းလမ်းတွေနဲ့ တကွ ဟောကြားခဲ့တဲ့တရားတော်များစွာရှိပါတယ်။ ဆရာတော်ကြီးတွေရဲ့ တန်ဖိုးကြီးဓမ္မဒေသနာတွေထဲက ငြိမ်းချမ်းမှုရေးရှုတဲ့အချက်ကို အနှစ်ထုတ်ပြီး ပြန်လည်တင်ပြရရင် ပယ်ရမယ့်တရားနဲ့ သယ်ရမယ့်တရား၊ ရှောင်ရမယ့်တရားနဲ့ ဆောင်ရမယ့်တရား ထိုနှစ်ပါးသာလျှင် ပဓာနဖြစ်ပါတယ်။**

### သမ္မပဒါန်လေးပါးဖြင့် ငြိမ်းချမ်းရေးကို ရှေးရှု

အပယ်တရားနဲ့ ရှောင်ရမယ့်တရားက အကုသိုလ်၊ သယ်ယူပြီးဆောင်ရမယ့် တရားက ကုသိုလ်ပါ။ ဆရာတော်ကြီးတွေ ဟောကြားချက်အရတော့ သမ္မပဒါန်လေးပါးဆိုပါတော့။ သမ္မပဒါန်ဟူသည် အားကြီးသောဝီရိယပါတဲ့။ အားကြီးသောဝီရိယနဲ့ အားထုတ်ရမယ့် ဤလေးပါးသောတရားဆိုတာက.. မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်အောင်ကြိုးစားခြင်း၊ ဖြစ်ပြီးတဲ့အကုသိုလ်တွေကို ပယ်နိုင်အောင်ကြိုးစားခြင်း၊ မဖြစ်သေးတဲ့ ကုသိုလ်တွေကိုဖြစ်လာအောင် ကြိုးစားခြင်းနဲ့ ဖြစ်ပြီးတဲ့ ကုသိုလ်တွေကို တိုးပွားအောင် ကြိုးစားခြင်းပါပဲ။ တစ်ဦးချင်းတစ်ဦးချင်း ကြိုးစားရမယ့်အရာတွေပါပဲ။

**ဆောင်ရမှာ ကုသိုလ်၊ ရှောင်ရမှာ အကုသိုလ်ဆိုတော့ ဘယ်အရာက အကုသိုလ်၊ ဘယ်အရာက ကုသိုလ်ဆိုတာသိဖို့ လိုလာပြန်ပြီပေါ့။ ဘယ်အရာက ကုသိုလ်၊ ဘယ်အရာက အကုသိုလ်မှမသိဘဲ ဘာကိုရှောင်၊ ဘာကိုဆောင်ကြမလဲဆိုတာ အရေးကြီးလာပါတယ်။ အကုသိုလ်ကို အကုသိုလ်မှန်းသိမှ၊ ခွဲခြားသိမှ ဘယ်လိုကုစားရမှန်း သိပါမယ်။ ကုစားပြီးရင်လည်း နောင်ထပ်မဖြစ်အောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမလဲ.. သိနေမှသာ ကြိုးစားအားထုတ်ဖြစ်ပါမယ်။ တစ်နေ့တစ်နေ့ကုသိုလ်တိုးပြီး အကုသိုလ်လျော့ဖို့ကသာလျှင်အဓိက မဟုတ်ပါလား..။**

### အာရုံနဲ့ဒွါရ ဘာကိုထိန်းချုပ်မလဲ

ပယ်ရမှာ အကုသိုလ်ဆိုတာ အားလုံးကလည်း သိကြတယ်။ လောဘ၊ ဒေါသ ၊ မောဟ စသဖြင့်ပေါ့။ ဒါပေမဲ့ ဘာလုပ်မိရင်၊ ဘာကိုတွေးရင် ဘယ်လိုပြောလိုက်ရင် ဘယ်လို လောဘ၊ ဘယ်လိုဒေါသဖြစ်သွားတယ်ဆိုတာကျတော့ နှလုံးသွင်းပုံချင်းမတူကြတော့ပြန်ဘူး။ စိတ်ကိုဖြူစင်အောင်ထား၊ မကောင်းမှုရှောင်၊ ကောင်းမှုကိုဆောင်ပါလို့ မြတ်စွာဘုရားက ဆုံးမပြီးသားပါ။ ဘုရားအဆုံးအမကို ခံယူပါတယ်ဆိုတဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေကသာ လိုက်နာဖို့သာ ခက်နေကြတာ။

❛ပုထုဇဉ်တွေပီပီ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးဆိုတဲ့ အာရုံခြောက်ပါးကို အစအဆုံးလိုက်ခံစား၊ ထိန်းချုပ်ဖို့ကြတော့ ခက်နေကြပြန်တယ်။ အာရုံကတော့ ၃၆၀ ဒီဂရီက လာနေမှာပဲ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးမရှောင်၊ အတွင်းကော အပြင်ကပါ လာနေမှာ။ ဒါကြောင့် တဏှာအစစ် တစ်ရာ့ရှစ်လို့ ခေါ်တာကိုး။ အကျယ်ကတော့ ကိလေသာတစ်ထောင့်ငါးရာတဲ့။ များမှများတဲ့ကိလေသာတွေ၊ သူ့အာရုံနဲ့ သူ ဝင်ရမယ့်တာဝန်ရှိတဲ့အတိုင်း ဝင်မှာက သူ့တာဝန်၊ စိစစ်ထိန်းချုပ်ရမှာက ကိုယ့်တာဝန်၊ အာရုံဘယ်ကလာလာ ထိန်းချုပ်ရမှာက ကိုယ့်ရဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာရုံနဲ့ထိတွေ့တဲ့ဖြစ်ရတဲ့ ခြောက်ခုသောဒွါရများ...❜

ပုထုဇဉ်တွေပီပီ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးဆိုတဲ့ အာရုံခြောက်ပါးကို အစအဆုံးလိုက်ခံစား၊ ထိန်းချုပ်ဖို့ကြတော့ ခက်နေကြပြန်တယ်။ အာရုံကတော့ ၃၆၀ ဒီဂရီက လာနေမှာပဲ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးမရှောင်၊ အတွင်းကော အပြင်ကပါ လာနေမှာ။ ဒါကြောင့် တဏှာအစစ် တစ်ရာ့ရှစ်လို့ ခေါ်တာကိုး။ အကျယ်ကတော့ ကိလေသာ တစ်ထောင့်ငါးရာတဲ့။ များမှများတဲ့ ကိလေသာတွေ၊ **သူ့အာရုံနဲ့သူ ဝင်ရမယ့်တာဝန်ရှိတဲ့အတိုင်း ဝင်မှာက သူ့တာဝန်၊ စိစစ်ထိန်းချုပ်ရမှာက ကိုယ့်တာဝန်၊ အာရုံဘယ်ကလာလာ ထိန်းချုပ်ရမှာက ကိုယ့်ရဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာရုံနဲ့ထိတွေ့တဲ့ဖြစ်ရတဲ့ ခြောက်ခုသော ဒွါရများ..။**

အာရုံနဲ့ ဒွါရတိုက်တိုက်ချင်း ကနဦးဖြစ်တဲ့ စိတ်လေးက အဖြူထည်ပါ။ ဘာအရောင်မှ မပါဘူး၊ အဲဒီဖြူနေတဲ့စိတ်လေးကို ကောင်းအောင်၊ ဆိုးအောင် ခြယ်လှယ်သမှုပြုလိုက်တာက စေတသိက်ဆိုတဲ့ နာမ်တရားတွေသာဖြစ်ပါတယ်။ စိတ်နဲ့အတူဖြစ်၊ အတူချုပ်ပြီး မှီရာလည်းတူပြီး စိတ်နဲ့လည်း အာရုံတူကြတယ်လို့ ဆိုပါတယ်။ သူ့တာဝန်နဲ့သူ သူ့အလုပ်နဲ့သူ ထမ်းဆောင်နေကြတဲ့သဘောပါပဲ။ ငါ့သဘော၊ သူ့သဘောတွေ မပါပါဘူး။ နှလုံးသွင်းမှုအပေါ်မှာတော့ မူတည်တာပေါ့။ နှလုံးသွင်းမှန်လျှင် ကုသိုလ်၊ မမှန်ရင် အကုသိုလ်ဖြစ်ပြန်လေတော့.. နှလုံးသွင်းမှန်၊ မမှန်ဆိုတာကလည်း သူခံစားရတဲ့ အာရုံတွေဟာ ကောင်းတယ်၊ မကောင်းဘူး၊ အတိတ်ကမှတ်သားထားတဲ့ သညာ သိအပေါ် မူတည်နေတယ်လို့ သိထားပါတယ်။ ကောင်းတာကို မကောင်းဘူး၊ မမှန်တာကို မှန်တယ်လို့ မှတ်ထားမိတဲ့အခါမှာတော့၊ အဝိဇ္ဇာအမှောင်ဖုံးပြီပေါ့.. ။

### လောဘ ဒိဋ္ဌိ မာနဆိုတဲ့သဘော

အကုသိုလ်နဲ့ ကုသိုလ်ကို ပြန်ဆက်ကြည့်ရအောင်ပါ။ အာရုံမှာငြိကပ်တပ်မက်လွန်းပြီး ဖြစ်ချင်တာကများ၊ လိုချင်တဲ့လောဘ များလွန်းလို့လည်း မငြိမ်းချမ်းမှုဖြစ်ရတယ်။ ကိုယ့်လောဘက မှန်တယ်ချည်း ထင်နေတာကိုး၊ မှန်တယ်ထင်တာက အာရုံရဲ့ အမှန်သဘောကို မသိလို့၊ အမှန်မသိအောင်လည်း ဖုံးထားတာက မောဟ၊ နှလုံးသွင်း မှားတယ်ဆိုတာ အာရုံရဲ့အမှန်သဘောကို မသိလို့မှားကြတာပါ၊ မသိမှတော့ မိစ္ဆာဒိဋ္ဌိပေါ့၊ ကုသိုလ်ဆိုတာမရှိ၊ ကုသိုလ်လုပ်လည်း ဘာအကျိုးရှိမှာလဲ၊ အကုသိုလ်ဆိုတာမရှိ အကုသိုလ်လုပ်လည်း အကုသိုလ်မဖြစ်.. ဒါကမိစ္ဆာဒိဋ္ဌိရဲ့သဘော၊ မသိမှုရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ နှလုံးသွင်းမှန်စွာသိမှုကသာ ဉာဏ်ပါတဲ့သဘောဖြစ်ပါတယ်။ ထောင်လွှားတက်ကြွမောက်မာတဲ့သဘောကလည်း အမှန်ကိုမသိသေးလို့ပါပဲ။ မာနပေါ့။ ကိုယ်ကပဲမြတ်တယ်၊ ကိုယ်ကချည်းသာတယ်လို့ ထင်နေပြီး "မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်" ဆိုတဲ့သဘောအမှန်ကို မသိခဲ့လျှင် မာနဟာ ကိုယ့်အတွက်တော့ အရှုံးဖြစ်သွားနိုင်ပါတယ်။

### ဒေါသအမြစ်တွယ်ခဲ့ရင်

လောဘက အားကြီးလာတဲ့အခါ လိုချင်တာမရရင် ဒေါသဖြစ်ရပြန်တယ်။ ဒေါသဆိုတဲ့တရားက ကြမ်းတမ်းခက်ထန်တဲ့သဘောသာ ဆောင်လေတော့ မိမိကော သူတစ်ပါးပါ ပျက်စီးရတယ်၊ သူ့အပူမပေးမိခင် ကိုယ်အရင်လောင်တဲ့သဘောပါပဲ။ စိတ်ကြမ်းတာ၊ ညှိုးနွမ်းတာ၊ အားငယ်တာ၊ ကြောက်လန့်တာ အားလုံးဒေါသချည်းပဲ။ ဒေါသထက်ဆိုးတာရှိပါသေးတယ်။ သူတစ်ပါးကို ဒုက္ခရောက်စေချင်၊ ပျက်စီးစေချင်၊ သေစေချင်တာ၊ သူက အကျိုးပေးပိုဆိုးပါတယ်။

လောဘဒေါသအမြစ်က အတ္တကို စေ့ဆော်တော့ အတ္တအချင်းချင်းထိပ်တိုက်တွေ့၊ အတ္တကြီးသူချင်းက အင်အားကြီးတွေပဲဆိုရင်တော့ လောကကြီးကျွမ်းထိုးမှောက်ခုံဖြစ်ဖို့ မနွေးကောန်ပါပဲ။ ego ဆိုတဲ့ အတ္တနဲ့မာနက မငြိမ်းချမ်းခြင်းရဲ့ တကယ့်တရားခံပါ၊ လူတွေ မငြိမ်းချမ်းရင် ကမ္ဘာကြီးလည်း မငြိမ်းချမ်းနိုင်ပါဘူး။ မငြိမ်းချမ်းမှုတွေကြားထဲ ego-trip လို့ ခေါ်တဲ့ လူအချင်းချင်းအမြတ်ထုတ်ချင်၊ အသာရချင်တဲ့လူစုလူဝေးကလည်း ရှိသေးတယ်။ ငွေ၊ အာဏာ၊ ကျော်ကြားချင်မှု တစ်ခုခုကြောင့်ပေါ့။ သူတို့ကြောင့် ဆင်းရဲသူတွေပိုဆင်းရဲရတယ်၊ နစ်နာနေသူတွေ ပိုနစ်နာရတယ်ဆိုတာ ပြန်ကြည့်ဖို့ သူတို့လို လူတွေအတွက် ခက်ခဲနေတတ်တယ်။

### မနာလိုဝန်တိုမှု၊ ပြန်တွေးတွေဝေဝေးငိုင်နေတတ်တဲ့ တရားဆိုးတွေ

လောဘဒေါသက သူ့ချည်းမလာပါဘူး။ တစ်ခါတစ်ရံ ဣဿာနဲ့ မစ္ဆရိယ တစ်နည်း မနာလိုဝန်တိုမှုကိုပါ တွဲခေါ်လာတတ်ပါတယ်။ သူတစ်ပါး စည်းစိမ်ပညာကို ပြူစူမရှုစိမ့်၊ ကိုယ့်စည်းစိမ်ဥစ္စာပညာကိုတော့မပေးချင်၊ လျှို့ဝှက်တတ်တဲ့သဘောတွေဟာ ဆိုးတဲ့တရားတွေထဲပါပါတယ်။ နောက်တစ်ခုက ကိုယ်လုပ်လိုက်မိတဲ့ ဒုစရိုက်၊ ကိုယ်မလုပ်လိုက်မိတဲ့ ကုသိုလ်တစ်ခုခုကို လုပ်မိလေခြင်း၊ မလုပ်မိလေခြင်း.. စသဖြင့် တွေးတွေးပြီး ပူပန်စိုးရိမ်နေတတ်တာ၊ နောင်တရနေတဲ့သဘောဟာလည်း တရားဆိုးတစ်ခုပါပဲ။

အထက်မှာဆိုခဲ့သလို ကိုယ်ပြုမိတဲ့ အကုသိုလ်ကို ပယ်နိုင်အောင်ကြိုးစားပါဆိုတဲ့ သမ္မပဒါန်က ဒီသဘောပါပဲ။ ပြန်တွေးပူပန်နေခြင်းက ကုက္ကုစ္စအကုသိုလ်သဘောဖြစ်လို့ အလုပ်မဖြစ်ပါဘူး။ ဆင်ခြင်ပြီး နောင်မဖြစ်အောင် ဝီရိယထားကြိုးစားမှသာ ကုသိုလ်ဖြစ်မှာပါ။ မှန်မှန်ကန်ကန် အားထုတ်တဲ့ဝီရိယမျိုးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ထိုင်းမှိုင်းခြင်းနဲ့ တွေဝေငေးငိုင်မှုဆိုတဲ့ တရားဆိုးတွေလည်းရှိပါသေးတယ်။ ချုပ်လိုက်ရင်တော့ ဖြူစင်နေတဲ့စိတ်ကို ခြယ်လှယ်နေတာ ထိုထိုစေတသိက်အကုသိုလ်တွေပါလားဆိုတာ သိသွားရတာပါပဲ။ ဒီလိုသိရတဲ့အခါ ထိုဖြစ်စဉ်လေးတွေဖြစ်လာတိုင်း ပေါ်လာတိုင်း ပယ်နိုင်အောင်၊ ရှောင်နိုင်အောင် ကြိုးစားချင်စိတ်ရှိဖို့သာလိုရင်းဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့ ✻**

စာမျက်နှာ ၇ သို့

> ❛**အကြောက်တရားနဲ့ ငြိမ်းချမ်းတာထက် သူများကို ဒုက္ခမရောက်စေတဲ့နည်းလမ်း၊ ကိုယ်လည်း အများကြီးမခံစားရတဲ့နည်းလမ်းမျိုးနဲ့ ငြိမ်းချမ်းအောင်နေဖို့ ကြိုးစားကြည့်စေချင်ပါတယ်။ အကြောက်တရားတို့ ခြိမ်းခြောက်တာတို့က တာရှည်မခံပါဘူး။ စေတနာထားတတ်မှုနဲ့ သူ့အကျိုး၊ ကိုယ့်အကျိုး ရှိသေလေးစားမှုပြနိုင်ရင်ကို ငြိမ်းချမ်းပါတယ်။ ငြိမ်းချမ်းရေး တကယ်လိုချင်ရင်လည်း တစ်ဦးချင်းအကျိုးစီးပွားထက် အများရဲ့အကျိုးစီးပွားကိုလည်း ငဲ့စောင်းကြည့်ပေးဖို့သာအဓိကဖြစ်ပါလိမ့်မယ်။ အရေးကြီးဆုံးကတော့ ခံစားချက်တွေ ဦးစားမပေးဘဲ ချစ်တတ်ဖို့၊ ဂရုစိုက်ပေးဖို့၊ ကရုဏာတရားနဲ့စာနာပေးနိုင်ဖို့သာပါ**❜

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာ ထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် ၁/၂၀၂၃ ဖြင့် အကျဉ်းထောင်/အချုပ်ထောင်/ စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၇၀၁၂ ဦးတို့ကို ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုခြင်းနှင့် အမိန့်အမှတ် ၂/၂၀၂၃ ဖြင့် ၄-၁-၂၀၂၃ ရက်နေ့ မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေ ပုဒ်မ ၁၉ (စ) အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရ ပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများအား ကျခံနေရသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းတို့ ပေးခဲ့ပါသည်။

ဤကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လူသားချင်းစာနာထောက်ထားမှုဖြင့် ဆောင်ရွက်ပေးမှုသည် လျော်ကန်သင့်မြတ်သော လုပ်ဆောင်ချက်များဖြစ်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအနေဖြင့် သက်ဆိုင်ရာမိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ကြမည်မှာ အသေအချာပင်ဖြစ်ပါသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများသည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာကို အလေးထားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

# တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ် ၁၄ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများနှင့် စာမေးပွဲခန်းကြီးကြပ်မည့် ဆရာဆရာမများ အဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် အထောက်အကူပြု ဆောင်ရွက်ကြမည့်သူများက ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ မေးခွန်းလုံခြုံမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာဖြေသူများ၏ ရှိ၊ တက်၊ ပျက်စာရင်းများကို မှန်မှန်ကန်ကန်ဖြစ်စေရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စာမေးပွဲဖြေဆိုစဉ်အတွင်း စာမေးပွဲအခန်းအတွင်းသို့ တာဝန်ပေးအပ်ထားသည့် တာဝန်ကျဆရာဆရာမများ၏ ခွင့်ပြုချက်မရှိဘဲမည်သူမျှဝင်ခွင့်မရှိကြောင်း၊ စာဖြေသူနှင့် စာမေးပွဲလုပ်ငန်းအနှောင့်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲကျင်းပစဉ်အတွင်း လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် စသည်ဖြင့် တွေ့ကြုံရပါက အရေးပေါ်ကာလအတွင်း အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ထံ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲမေးခွန်းနှင့် အဖြေလွှာများကို စနစ်တကျလွှဲပြောင်း၊ လက်ခံမှတ်တမ်းဖြင့် သက်ဆိုင်ရာသို့လက်ဆင့်ကမ်း အပ်နှံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာစစ်အဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးသန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးသက်လွင်နှင့် ဦးအောင်ထိုက်တို့က စာမေးပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။



ထို့နောက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က စာမေးပွဲဖြေဆိုခွင့်ဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က စာစစ်ဌာနလျာထားသတ်မှတ်ခြင်းနှင့် ကြီးကြပ်ရေးမှူးခန့်ထားခြင်းကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းဇံက စာမေးပွဲ မေးခွန်းလွှာဆိုင်ရာ ညွှန်ကြားချက်များကိုလည်းကောင်း ဆွေးနွေးပို့ချကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်မှ ၈ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✻ စာမျက်နှာ ၆ မှ

## ကိုယ့်စိတ်ကိုသိနေဖို့လို

ကိုယ့်စိတ်ကို သိနေဖို့သာ လိုတာပါ။ အာရုံတွေဝင်လာတိုင်း ကိုယ့်စိတ်က ကုသိုလ်ဖြစ်နေလား၊ အကုသိုလ်ဖြစ်နေလားပေါ့။ ကုသိုလ်ဖြစ်ဖို့ဆိုရင် အာရုံနဲ့ဒွါရတိုက်လို့ ဖြစ်လာတဲ့စိတ်နဲ့ယှဉ်တဲ့ ကုသိုလ်စေတသိက်တွေကြောင့်ဆိုတာ လေ့လာနိုင်ပါတယ်။ ဒီနာမ်တရားတွေက ကိလေသာအညစ်အကြေးတွေကို ကင်းဝေးစင်ကြယ်စေလို့ ဖြစ်ပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်တာ၊ ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ ထိုတရားတွေဟာ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ တရားအနှစ်ပါပဲ။

**ဘုရားဆိုတဲ့ အာရုံ၊ တရားဆိုတဲ့အာရုံ၊ သံဃာဆိုတဲ့အာရုံတွေအပေါ်မှာ ကြည်ညိုတယ်၊ ကြည်ညိုတော့ မိမိရဲ့နာမ်တရားတွေလည်း ကြည်လင်လာတယ်ဆိုတဲ့ ယုံကြည်မှုသဒ္ဓါတရားဟာ သဒ္ဓါအစစ်လို့ဆိုထိုက်ပါတယ်။ ယုံကြည်မှုရှိလာရင် ထိုကောင်းတဲ့အာရုံတွေအပေါ်မှာ ထပ်ခါထပ်ခါအောက်မေ့ခြင်း၊ ပွားများခြင်းသည် သတိဆိုတဲ့တရားရှိမှသာ ဖြစ်နိုင်တဲ့အတွက် ဒီနေရာမှာ သဒ္ဓါနဲ့သတိဆိုတဲ့ တရားနှစ်ခုကို ထပ်ဖြည့်ချင်ပါတယ်။**

### ကောင်းမြတ်အကျင့် မကျင့်သမျှ အလှမ်းဝေးနေဦးမည့် ငြိမ်းချမ်းရေး

ယနေ့ကာလ အကုသိုလ်တွေ တိုးပွားများပြားလာခြင်းရဲ့ အကြောင်းတရားတစ်ခုမှာ အရှက်အကြောက် နည်းလာတာလည်းပါတယ်။ မကောင်းတာလုပ်မိလို့ အရှက်အကြောက်မရှိ၊ ကောင်းတာလုပ်ဖို့ဆိုရင်တော့ ရှက်တတ်ကြောက်တတ်ကြတာ သတိထားမိတယ်၊ အားလုံးကပြောင်းကပြန်ချည်းပဲ။ မကောင်းတာလုပ်မိရင် ရှက်တတ်ကြောက်တတ်တဲ့ သဘောဟာ အကုသိုလ်ရဲ့လားရာကို သိနေသူတွေ အတွက်သာဖြစ်ပါတော့တယ်။ အကုသိုလ်လောဘရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အလောဘရှိသူတွေသာလျှင် စွန့်ကြဲပေးကမ်းလှူဒါန်းမှုမှာ ပြီးပြည့်စုံတဲ့ ဒါနအရာမြောက်တတ်ကြပါတယ်။ အလောဘရှိသလို အဒေါသဆိုတဲ့ မေတ္တာတရားလည်း ရှိပြန်တယ်။ သူတစ်ပါးအကျိုးစီးပွားချမ်းသာခြင်းကို မလိုလား၊ သူ့ပစ္စည်း၊ သူ့ဥစ္စာသာ အလိုကြီးတပ်မက်လိုချင်နေကြသရွေ့ ပဋိပက္ခသံသရာက ဆုံးမှာမဟုတ်ပါဘူး။ ကိုယ့်ထက်အားနည်းသူ၊ ကိုယ့်လောက်မရှိသူကို အကြင်နာကင်းပြီး သနားညှာတာမှုမရှိ၊ သူတစ်ပါးချမ်းသာတိုးတက်နေရင် ဝမ်းမြောက်ခြင်းလည်းမရှိ၊ ချမ်းသာခြင်း/ ဆင်းရဲခြင်းလည်းမဖြစ်၊ ကံ ကံ၏အကျိုးပေးပါလားဆိုပြီး အလယ်အလတ်သဘောနဲ့ ဥပေက္ခာပြုနိုင်တဲ့ သဘောထားလည်းမရှိ၊ ထို မရှိ..မရှိ ဆိုတဲ့ဆန့်ကျင်ဘက်သဘောဆောင်တဲ့ လက္ခဏာတွေရှိနေသမျှ ငြိမ်းချမ်းမှုနဲ့လည်း အလှမ်းဝေးနေကြဦးမှာ ဖြစ်ပါတယ်။

အထက်ပါအဆိုးတရားအားလုံးရဲ့ ဆန့်ကျင်ဘက် အတွေးအကြံ၊ အပြောအဆို၊ အပြုအမူတို့သာလျှင် ငြိမ်းချမ်းရေးအတွက် ကောင်းမြတ်တဲ့ အကျင့်တွေဖြစ်တဲ့အတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာသဘောတွေကို မိမိလက်တွေ့ဘဝမှာ ချိန်ဆကျင့်ကြံခြင်းသာလျှင် ငြိမ်းချမ်းရေးအတွက် စစ်မှန်တဲ့အာမခံချက်တွေဖြစ်လာပါလိမ့်မယ်။

**ကုသိုလ် / အကုသိုလ် ခွဲခြားသိလာရင်ကို ငြိမ်းချမ်းခြင်းအတွက် အောင်မြေတစ်ဝက်နင်းပါပြီ။ အကုသိုလ်ရဲ့အပြစ်က အခုဘဝ နောင်ဘဝ တိုက်ဆိုင်ရင် အကျိုးပေးပါတယ်။ ကံ ကံ၏အကျိုးကို အချိန်သိပ်မစောင့်ရဘဲ လက်ငင်းအကျိုးပေးတတ်တယ်ဆိုတာ သိထားရင် ရှောင်ရန်ဆောင်ရန် မခက်ပါဘူး၊ မြင်တတ်ကြည့်တတ်ဖို့က သတိတစ်လုံးပါပဲ။ အဆင်မပြေတာတွေ မနှစ်မြို့စရာတွေ အတားအဆီးတွေများတဲ့အခါ သတိထားစေချင်တာက ကိုယ်သာအနာခံပြီး စိတ်မနာမိစေဖို့အရေးကြီးပါတယ်။**

**မပြီးနိုင်မဆုံးနိုင် စိတ်နာခြင်းက အကုသိုလ်ကို အဖန်တလဲလဲ တိုးစေတတ်တာ သတိထားမိလာပြီ..၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဖိစီးခြင်း၊ ပျော်ရွှင်ခြင်း စတာတွေ အားလုံး ကိုယ့်အတွင်းစိတ်ကပဲလာတာပဲဆိုတာ သိလာပြီဆိုရင် ဆင်းရဲချမ်းသာတာနဲ့ မပျော်ရွှင်မှု၊ ပျော်ရွှင်မှုဟာ ဆက်စပ်မှုမရှိ၊ ဆင်းရဲပေမယ့် စိတ်ချမ်းသာနေသူတွေ၊ ချမ်းသာပေမယ့် ပူနေရသူတွေ တစ်ပုံကြီးရှိနေတာပဲ၊ သိနိုင်လာပါလိမ့်မယ်။ ဒါကြောင့်ပြောချင်တာက ဆင်းရဲပေမယ့် ကိုယ့်အတွင်းစိတ်ကို ကြံ့ခိုင်အောင်လုပ်ပါ၊ ခွင့်လွှတ်ပေးပြီးပျော်ပျော်နေပါ၊ ဒေါသနဲ့ အမုန်းဖယ်ပြီး ကိုယ့်ကိုယ်ကိုယ်ကျေနပ်အောင်နေပါ၊ စိတ်ကြောင့်အသက်တိုစေတဲ့ ဒီရုပ်ဒီခန္ဓာကြီးကို ဖိစီးနှိပ်စက်မခံပါနဲ့လို့သာ ဆိုလိုက်ပါရစေ။**

အကြောက်တရားနဲ့ ငြိမ်းချမ်းတာထက် သူများကို ဒုက္ခမရောက်စေတဲ့နည်းလမ်း၊ ကိုယ်လည်းအများကြီးမခံစားရတဲ့ နည်းလမ်းမျိုးနဲ့ ငြိမ်းချမ်းအောင်နေဖို့ ကြိုးစားကြည့်စေချင်ပါတယ်။ အကြောက်တရားတို့ ခြိမ်းခြောက်တာတို့က တာရှည်မခံပါဘူး။ စေတနာထားတတ်မှုနဲ့ သူ့အကျိုး၊ ကိုယ့်အကျိုး ရှိသေလေးစားမှုပြနိုင်ရင်ကို ငြိမ်းချမ်းပါတယ်။ ငြိမ်းချမ်းရေးတကယ်လိုချင်ရင်လည်း တစ်ဦးချင်းအကျိုးစီးပွားထက် အများရဲ့အကျိုးစီးပွားကိုလည်း ငဲ့စောင်းကြည့်ပေးဖို့သာ အဓိကဖြစ်ပါလိမ့်မယ်။ အရေးကြီးဆုံးကတော့ ခံစားချက်တွေ ဦးစားမပေးဘဲ ချစ်တတ်ဖို့၊ ဂရုစိုက်ပေးဖို့၊ ကရုဏာတရားနဲ့ စာနာပေးနိုင်ဖို့သာပါ။

သို့မှသာ အကြွေးဟောင်းလည်း ဆပ်ပြီး အကြွေးသစ်လည်း အတင်မခံရတဲ့ အခြေအနေကောင်းတစ်ခုကို ရရှိနိုင်ပါလိမ့်မည်။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေနဲ့ ခင်းကျင်းပြသထားတဲ့ပြခန်းတွေကို ပြည်သူလူထုတွေအနေနဲ့ လာရောက်လေ့လာသင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်

**ဦးစိုးညွန့်ရွှေ**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပါဝင်ပြသခဲ့ကြသည့် အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စတုတ္ထနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ အဆိုပါပြခန်းများမှ တာဝန်ရှိသူများ၏ ရင်တွင်းစကားသံများကို အများပြည်သူများသိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း-**
**သက်ထွေး၊ သန်းတင်အောင်**
**ဓာတ်ပုံ - သက်အောင်**



ဦးစိုးညွန့်ရွှေ



ဦးထွန်းထွန်းဦး



ဦးရဲမြတ်အောင်

**ဦးစိုးညွန့်ရွှေ (ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) ရှမ်းပြည်နယ်ပြခန်း ကော်မတီအတွင်းရေးမှူး**

ရှမ်းပြည်နယ် ကိုယ်စားပြုပြခန်းအနေနဲ့ ကဏ္ဍလေးရပ်ခွဲပြီးတော့ ခင်းကျင်းပြသထားပါတယ်။ ပထမကတော့ တိုင်းပြည်ဝင်ငွေကို ထူးခြားစွာရရှိစေတဲ့ ကဏ္ဍဆိုပြီးတော့ ကဏ္ဍတစ်ခုပြပါတယ်။ ပြီးတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုဓလေ့ထုံးစံတွေကို ခင်းကျင်းပြသထားပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ တိုင်းရင်းသားရိုးရာ ထုတ်ကုန်တွေကိုလည်း ခင်းကျင်းပြသထားပါတယ်။ ရှမ်းစက္ကူထုတ်လုပ်ပုံ အဆင့်ဆင့်ကိုလည်း ခင်းကျင်းပြသထားပါတယ်။ ရှမ်းစက္ကူလုပ်တဲ့ ကုန်ကြမ်းကလည်း ရှမ်းရိုးမတောင်တန်းမှာပဲ ထွက်ပါတယ်။ နောက်တစ်ပိုင်းအနေနဲ့ ကျွန်တော်တို့ရဲ့ အထိမ်းအမှတ်တစ်ခုဖြစ်တဲ့ ရှမ်းအိုးစည်ထုတ်လုပ်ပုံအဆင့်ဆင့်ကိုလည်း ခင်းကျင်းပြသထားပါတယ်။ နောက်ကဏ္ဍတစ်ခုကတော့ စားနပ်ရိက္ခာဖူလုံရေးကဏ္ဍဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ထွက်ရှိတဲ့ ဆန်စပါးနဲ့ သီးနှံတွေကို စုံစုံလင်လင် ပြသထားပါတယ်။ အဲဒီကုန်ကြမ်းပစ္စည်းတွေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဆင့်အထိရောက်နေတဲ့ ပစ္စည်းတွေကိုလည်း ကျွန်တော်တို့ ပြသထားပါတယ်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေနဲ့ ခင်းကျင်းပြသထားတဲ့ပြခန်းတွေကို ပြည်သူလူထုတွေအနေနဲ့ လာရောက်လေ့လာသင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ တစ်နိုင်ငံလုံးကို လည်ပတ်လေ့လာရသလို ခံစားရမှာဖြစ်ပါတယ်။ အားလုံးကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဦး(အင်ဂျင်နီယာမှူး)**
**ရခိုင်ပြည်နယ်ပြခန်းတာဝန်ခံ**

ဒီပြခန်းလေးထဲကို ဝင်လိုက်တာနဲ့ ရခိုင်ပြည်နယ်ကို ရောက်သွားသလိုဖြစ်အောင် တစ်နည်းအားဖြင့် ရခိုင်ပြည်နယ်ရဲ့ အငွေ့အသက်တွေရအောင် ဖန်တီးထားပါတယ်။ ရှေ့မျက်နှာစာမှာတော့ ဘယ်ဘက်မှာ ရခိုင်ပြည်နယ်ရဲ့ လိုဂိုရဲ့အဓိပ္ပာယ်ရှင်းလင်းချက်လေးတွေကို ပြသထားပါတယ်။ ပြီးတော့ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရဲ့ ထုက္ကန်သိမ်ပုထိုးတော်ကြီးကို ပြသထားပါတယ်။ ဝင်ပေါက်မှာတော့ စစ်တွေမြို့ လောကာနန္ဒာဘုရားမုခ်ဦးပုံစံပြုလုပ်ထားပါတယ်။ အထဲကိုဝင်လိုက်တာနဲ့ မြောက်ဦးရှုခင်းကို ပြသထားပါတယ်။ ရှုခင်းရဲ့ရှေ့မှာတော့ ရခိုင်ရိုးရာ အားကစားနည်းတစ်ခုဖြစ်တဲ့ ကျင်ကိုင်တဲ့ရုပ်တုကို ပြသထားပါတယ်။ ပြီးတော့ ရခိုင်လူမျိုးတို့ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ နဝရူပဗျာလ်ရုပ်တုကို ပြသထားပါတယ်။ ငပလီရှုခင်းပုံနဲ့ ရေသူမရုပ်တုကို ပြသထားပါတယ်။ စစ်တွေရဲ့နာမည်ကြီး ဗျူးပွိုင့်ကမ်းခြေကို ပြသထားပါတယ်။ တိုင်းရင်းသားရိုးရာဝတ်စုံတွေကို ရုပ်လုံးရုပ်ကြွနဲ့ ပြသထားပါတယ်။ နောက်တော့ မဟာမုနိသိမ်တော်ကြီး၊ ရှစ်သောင်းပုထိုးတော်ကြီးနဲ့ ကိုးသောင်းပုထိုးတော်ကြီးတို့ကို ပြသထားပါတယ်။ ရိုးရာရက်ကန်းစင်ကို ကိုယ်တိုင်ရက်လုပ်နေမှုကိုလည်း လေ့လာနိုင်ပါတယ်။ ရခိုင်ကမ်းမြောင်ဒေသရဲ့ အကြီးဆုံးနဲ့ အမြင့်ဆုံး စိုင်းတင်ရေတံခွန်ကိုလည်း အမှန်တကယ်ရေကျနေပုံကို ပြသထားပါတယ်။ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်မယ့် လေအားလျှပ်စစ်ပုံတွေကိုလည်း လေ့လာနိုင်ပါတယ်။

**ဦးရဲမြတ်အောင်(ညွှန်ကြားရေးမှူး)**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

ပြခန်းမှာဆိုရင် ပြကွက်ကြီး လေးကွက်နဲ့ ခင်းကျင်းပြသထားပါတယ်။ ပထမပြကွက်ကတော့ တိုင်းရင်းသားလူမျိုးများရဲ့ ရိုးရာဝတ်စားဆင်ယင်မှုပဲဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရုပ်တု ၅၄ ရုပ်ကို ခင်းကျင်းပြသထားပါတယ်။ ဒုတိယပြကွက်အနေနဲ့ကတော့ ရိုးရာတူရိယာပစ္စည်းများနဲ့ အသုံးအဆောင်ပစ္စည်းများကို ပြသထားပါတယ်။ တတိယပြကွက်အနေနဲ့ကတော့ ရိုးရာပွဲတော်များနဲ့ ရိုးရာထုံးတမ်းအစဉ်အလာများ၊ ရိုးရာအစားအစာ ချက်ပြုတ်နည်းများကို ဗီဒီယိုကလစ်များနဲ့ ပြသထားပါတယ်။ နောက်ပြကွက်အနေနဲ့ကတော့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်များပြကွက် ဖြစ်ပါတယ်။ အဲဒီမှာတော့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များနဲ့ တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေမှာပါတဲ့ တိုင်းရင်းသားများရဲ့ အခွင့်အရေးဆိုင်ရာ ဖော်ပြချက်များကို အများပြည်သူသိရှိနိုင်ရန် ရည်ရွယ်ပြီး ဖော်ပြထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဝန်ကြီးဌာနက တိုင်းရင်းသားစာပေများနဲ့ ထုတ်ဝေခဲ့တဲ့ ပုံပြပုံပြင်စာအုပ်များ၊ ကျန်းမာရေး အသိပညာပေးစာအုပ်များကိုလည်း အများပြည်သူသိရှိနိုင်အောင် ဖော်ပြထားပါတယ်။ တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကိုလည်း သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားများနဲ့ ဘာသာပြန်ရေးသားထုတ်ဝေထားတဲ့ စာအုပ်များကိုလည်း ခင်းကျင်းပြသထားပါတယ်။ ဒီပြခန်းကိုပြည်သူတွေအနေနဲ့ ဆက်လက်လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ပြည်ထောင်စုသားတို့ရဲ့ ရာသီဥတုနဲ့အညီ ဝတ်စားဆင်ယင်မှုတွေကို လေ့လာနိုင်မှာဖြစ်ပါတယ်။

**ဦးတင်သန်းဝင်း**
**စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး**

စစ်ကိုင်းတိုင်းဒေသကြီး ဆိုတာကတော့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်တယ်။ ဒုတိယအနေနဲ့ စားနပ်ရိက္ခာဖူလုံတဲ့ တိုင်းဒေသကြီးဖြစ်တယ်။ အထူးသဖြင့် ဆန်ဖူလုံမှုဆိုရင် ၂၀၀ ကျော်ရာခိုင်နှုန်းရှိတယ်။ အလားတူ ဆီဖူလုံမှုလည်းရှိတယ်။ ဆီဖူလုံမှုက ရာခိုင်နှုန်း ၄၀၀ ကျော်ရှိတယ်။ ပဲဖူလုံမှုက ရာခိုင်နှုန်း ၉၀၀ ကျော်ရှိတယ်။ ရေမြေကောင်းတယ်။ သဘာဝသယံဇာတတွေပေါတယ်။ စိုက်ပျိုးမြေထွန်းကားတယ်။ အဲဒါကြောင့် နိုင်ငံရဲ့ စားရေရိက္ခာမှာ ဆန်၊ ဆီ၊ ပဲမျိုးစုံ ဖူလုံတဲ့ဒေသဖြစ်တယ်။ ဆန်စပါးတွေကနေထွက်လာတဲ့ တန်ဖိုးမြှင့်ပစ္စည်းတွေကိုလည်း ပြသထားပါတယ်။ ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ MSME ထုတ်ကုန်တွေနဲ့ ပတ်သက်လို့လည်း ထုတ်လုပ်မှုဇုန် လေးဇုန်ရှိတယ်။ ဒီဇုန်တွေကထွက်ရှိတဲ့ ထုတ်ကုန်တွေကိုလည်း ပြသထားတယ်။ နောက်တစ်ခုကတော့ စစ်ကိုင်းတိုင်းဒေသကြီးတွင် အရှေ့တောင်အာရှမှာ အကြီးဆုံးထဲက တစ်ခုဖြစ်တဲ့ သဖန်းဆိပ်ဆည်ရဲ့ ပြကွက်ကိုလည်း ပြသထားတယ်။ ဒီဆည်ကြီးက ဆည်ရေသောက်ဧကပေါင်း ငါးသိန်းနီးပါးကို အကျိုးပြုတယ်။

ဒါ့အပြင် ချင်းတွင်း၊ ဧရာဝတီ၊ မူးမြစ်တွေရဲ့ ရေအရင်းအမြစ်တွေကို အလဟဿမဖြစ်အောင် လျှပ်စစ်မြစ်ရေတင်နဲ့ ဆိုလာမြစ်ရေတင်လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အခြေအနေတွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအခြေအနေကို ဖော်ညွှန်းတဲ့ စစ်ကိုင်းတံတားကြီးကိုလည်း မြန်မာ့ရိုးရာလက်မှုဖောင်းကြွပန်းချီနဲ့ ဖော်ကျူးပြီးတော့ ပြခန်းယာဉ်မှာ ပြသထားပါတယ်။ နောက်တစ်ခုက ပြည်ပသွင်းကုန်တွေကို အစားထိုးနိုင်တဲ့ ကိုယ့်ပြည်တွင်းထွက်ကုန်ပစ္စည်းဖြစ်တဲ့ လက်ရက်ကန်းဆိုရင်လည်း စစ်ကိုင်းတိုင်းဒေသကြီးမှာ အခုထိ ထွန်းကားနေတာဖြစ်တဲ့အတွက် ဒေသထွက်ကုန်ကြမ်းပစ္စည်းနဲ့ ကုန်ချောအထည်တွေကို ပြသထားပါတယ်။ ဒါ့အပြင် အခုလက်ရှိ ဆောင်ရွက်နေဆဲလုပ်ငန်းတွေဖြစ်တဲ့ လေရှီးမြို့နယ်အထိ သွားရောက်နိုင်မယ့်လမ်းပေါ်မှာရှိတဲ့ ချင်းတွင်းမြစ်ကူး ထမံသီတံတားကြီးဆောင်ရွက်နေမှုနဲ့ တိုင်းဒေသကြီးရဲ့ သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေကိုလည်း ပြသထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံမှာ အကြီးဆုံးတိုင်းဒေသကြီးဖြစ်တဲ့အတွက် ဒီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သဘာဝအရင်းအမြစ်တွေကို အသုံးချပြီး ပြည်သူလူထုပူးပေါင်းမှုနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လောက်အထိ ဆောင်ရွက်နိုင်မလဲဆိုတာ သိရှိနိုင်အောင် (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားမှာ ပြည်သူတွေသိအောင် မိတ်ဆက်ချပြခြင်းပဲ ဖြစ်ပါတယ်။



ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်းတွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ စတုတ္ထနေ့ ဆက်လက်ခင်းကျင်းပြသမှု မြင်ကွင်း



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။



ရခိုင်ပြည်နယ်ကိုယ်စားပြု ပြခန်း၌ အမှတ်တရဓာတ်ပုံရိုက်ကူးနေသူတစ်ဦးကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ပြခန်း၌ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။



မွန်ပြည်နယ်ကိုယ်စားပြုပြခန်း၌ ဒေသထွက်ကုန်များကို လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူများကို တွေ့ရစဉ်။



ကရင်ပြည်နယ် ကိုယ်စားပြု ပြခန်း၌ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကိုယ်စားပြု ပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။




သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြု ပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ စုစုပေါင်း ၅၅ ခန်းနှင့် ဂုဏ်ပြုယာဉ် စုစုပေါင်း ၄၈ စီးကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုနေမှုများကို ဖော်ပြအပ်ပါသည်။

**ဓာတ်ပုံမှတ်တမ်း - သက်အောင်**

# (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ အများပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြပြီး အထူးစည်ကားလျက်ရှိ



ရိုးရာအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုအား လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများအား နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

## ဂုဏ်ပြုယာဉ်များ

ပြပွဲများသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူများကို သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ဝန်ကြီးဌာနများအလိုက် ဂုဏ်ပြုယာဉ်များမှ တာဝန်ရှိသူများက ယာဉ်ပေါ်၌ ပြသထားသည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ အထင်ကရနေရာများ၊ ထင်ပေါ်ကျော်ကြားသည့် ခေါင်းဆောင်များ၏ ရုပ်တုများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို နွေးထွေးပျူငှာစွာ လိုက်လံရှင်းလင်းပြသပေးကြရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကျောင်းသား လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ပြခန်းများ

ထို့ပြင် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားကြသည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်းများနှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများမှ တာဝန်ရှိသူများကလည်း ပြခန်းတွင် ပြသထားသည့် တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ အပန်းဖြေလည်ပတ်နိုင်သည့် အထင်ကရနေရာများ၊ ဒေသထုတ်ကုန်များ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ ပြည်သူများကို ဝန်ဆောင်မှုများပေးလျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို လိုက်လံရှင်းလင်းပြသပေးကြရာ ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

## အတူတကွ ပျော်ရွှင်စွာစုပေါင်းဆင်နွှဲ

အဆိုပါ ပြခန်းများတွင် အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှု အကအလှများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများရှေ့နှင့် ပြခန်းများရှေ့၌ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန် ပါဝင်ဆင်နွှဲကြသည်ကိုလည်း တွေ့ရသည်။

ထို့ပြင် ပြပွဲသို့ လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူ အများအပြားကိုလည်း တွေ့ရသည်။

## တိုင်းရင်းသားရိုးရာထုတ်ကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ပစ္စည်းပြတ်လပ်သည်အထိ ရောင်းချရလျက်ရှိ

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစားဖြင့် စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများမှ ထွက်ကုန်ထုတ်ကုန်ပစ္စည်းများ ပြခန်းပေါင်း ၄၀၊ တိုင်းရင်းသားရိုးရာဒေသထွက် အစားအသောက်ပြခန်းပေါင်း ၁၅ ခန်း စုစုပေါင်း ၅၅ ခန်း ဖွင့်လှစ်၍ နေ့စဉ်ရောင်းချပေးလျက်ရှိရာ တစ်ရက်လျှင် ပျမ်းမျှ တိုင်းရင်းသားရိုးရာဒေသထွက် အစားအစာ စုစုပေါင်း သိန်း ၅၀၀ ကျော်ခန့်၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများ စုစုပေါင်း သိန်း ၁၀၀ ကျော်ခန့်အထိ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရလျက်ရှိကြောင်း သိရသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥတ္တရခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ရန်ပုံငွေအရောင်းဆိုင်များကလည်း စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ စိတ်ဝင်တစားဝယ်ယူကြသူများ များပြားလျက်ရှိသည်။

## ဖျော်ဖြေရေးအစီအစဉ်များ၌လည်း တစ်ခဲနက် ပါဝင်ဆင်နွှဲလျက်ရှိ

ထို့ပြင် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ဝင်တစားဖြစ်စေရန်အတွက်လည်း ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိဖြေကြားသည့် အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်းအစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

စာမျက်နှာ ၁၁ သို့ ❂



မွန်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်ကြည့်ရှုလေ့လာစဉ်။



ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာစဉ်။

# ရေအသုံးချမှု၊ မြေအသုံးချမှု၊ မြေဆီလွှာအခြေအနေအရ လိုက်ဖက်တဲ့ သီးနှံတွေကို ဘယ်လိုစိုက်ပျိုးရမယ်ဆိုတာကို စိတ်ဝင်စားဖွယ် ဗဟုသုတဖြစ်အောင် ပြသထားပါတယ်

ဦးခင်ဇော်



ဦးမောင်ကြီး



ဦးခင်ဇော်



ဦးအောင်မင်း



ဦးခင်မောင်ထွေး



ဒေါ်ငွေငွေရီ

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပါဝင်ပြသခဲ့ကြသည့် ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စတုတ္ထနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါပွဲတော်၌ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်များ၊ ပြခန်းမှ တာဝန်ရှိသူများနှင့် လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၏ရင်တွင်းစကားသံများကို အများပြည်သူများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။

**ဦးမောင်ကြီး (စီးပွားရေးရာဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး)**

ကျွန်တော်တို့ တိုင်းဒေသကြီးက ရေထွက်ကုန်ပစ္စည်းတွေနဲ့ ရေသယံဇာတပစ္စည်း ထုတ်ကုန်တွေကို ပြည်ပကို တင်ပို့ဖို့ တိုင်းပြည်ရဲ့ နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းက ရှာပေးနေတဲ့ တိုင်းဒေသကြီးဖြစ်ပါတယ်။ ဒီပြခန်းမှာ သန္တာကျောက်တန်းတွေမှာပဲ တွေ့ရတဲ့ ရှားပါးပြီး အဖိုးတန်တဲ့ပစ္စည်းတွေ၊ ဇီဝဗိုးငှက်သိုက်တွေအကြောင်း သိကောင်းစရာတွေ၊ ကန့်ဆော်ပင်၊ ကန့်ဆော်ဆီကို ပြသထားပါတယ်။ မြိတ်ဒေသထုတ်ကုန်ဖြစ်တဲ့ အော်ဂဲနစ် အုန်းပျိုဆီကို Premium Grade နဲ့ ထုတ်လုပ်ပုံအဆင့်ဆင့်၊ တိုင်းဒေသကြီးမှာ အောင်မြင်ဖြစ်ထွန်းနေတဲ့ ပုစွန်ဖြူ မွေးမြူခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရေလုပ်ငန်းထုတ်ကုန်တွေ၊ ရေငုပ်ကြေးခေါင်း၊ မြန်မာ့တောင်ပင်လယ်ပုလဲထုတ်လုပ်မှု ပြကွက်တွေကို ပြသထားပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ သယံဇာတကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ ဒီပြခန်းကို လာရောက်လေ့လာရင် သိနိုင်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ပြခန်းကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်ဇော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ဒီနှစ်လွတ်လပ်ရေးနေ့က စိန်ရတုနှစ်နဲ့ တိုက်ဆိုင်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံရဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကြီး စတင်ဖြစ်ပေါ်လာတဲ့ အနေအထား၊ ဘာသာသာသနာ ထွန်းကားလာမှု၊ ရေပေးဝေရေး တိုးတက်လာမှုတွေကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသထားပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နေပြည်တော်အတွင်းမှာရှိတဲ့ မြို့နယ်တွေကို စိုက်ပျိုးဖို့နဲ့ သောက်သုံးဖို့ ငလိုက်ရေလှောင်တမံရဲ့ ရေပေးဝေမှုစနစ်နဲ့ ပေးဝေတဲ့အခါမှာ ရေအသုံးချသူများ အသင်းအဖွဲ့တွေက ဘယ်လိုမျိုး လုပ်ဆောင်နေတယ်ဆိုတာကို ပြသထားပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်လုပ်တဲ့ ကာကွယ်ဆေးတွေ၊ နေပြည်တော်ကောင်စီအတွင်း မွေးမြူရေးလုပ်ငန်းတွေ ဘယ်လောက်ထိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားသလဲဆိုတာကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသထားပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက တစ်နှစ်ကို သုံးသီးစိုက်ပျိုးနိုင်အောင် GAP ကို ဘယ်လိုတွေ စီမံဆောင်ရွက်ထားတယ်ဆိုတာကိုလည်း ပြသထားပါတယ်။ ရေအသုံးချမှု၊ မြေအသုံးချမှု၊ မြေဆီလွှာအခြေအနေအရ လိုက်ဖက်တဲ့ သီးနှံတွေကို ဘယ်လိုစိုက်ပျိုးရမယ်ဆိုတာကို စိတ်ဝင်စားဖွယ် ဗဟုသုတဖြစ်အောင် ပြသထားပါတယ်။

**ဦးအောင်မင်း (ဒုတိယညွှန်ကြားရေးမှူး၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**

ကျွန်တော်တို့ ပြခန်းမှာဆိုရင် သတ္တုရေးရာပြကွက်နဲ့ သစ်တောရေးရာပြကွက်အပြင် ခါကာဘိုရာဇီရေခဲတောင်ကနေ ရေခဲတွေပျော်ကြပြီး စီးဆင်းနေတဲ့ ချောင်းငယ်ပုံစံ၊ ရေတံခွန်ပုံစံငယ်နဲ့ ပင်လယ်ကမ်းစပ်မှာရှိတဲ့ ဒီရေတောတွေကိုလည်း ပြသထားပါတယ်။ သတ္တုရေးရာပြကွက်မှာဆိုရင် သတ္တုရေးရာဥပဒေနဲ့ နည်းဥပဒေတွေ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲနဲ့ စက်မှုတွင်းထွက်ပစ္စည်းတွေကို ကိုင်တွယ်တဲ့ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းရဲ့ စကျင်ကျောက်၊ ဂေါ်ရန်ကျောက်တို့ကို ကုန်ချောအဖြစ် ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကိုလည်း ပြသထားပါတယ်။ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်တဲ့ ကြယ်လိပ်အစစ် အရှင်တွေကိုလည်း ပြသထားပါတယ်။ ရေဆင်းမှာရှိတဲ့ သစ်တောနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပုံစံငယ်၊ မြန်မာ့သစ်လုပ်ငန်းက သစ်ထုတ်လုပ်ရေးဌာနရဲ့ သစ်ဆိပ်ပုံစံငယ်နဲ့ ခဲမဖြူ အဖြိုက်နက်သတ္တု သန့်စင်ထုတ်လုပ်မှုလုပ်ငန်းပုံစံငယ်တွေကိုလည်း ပြသထားပါတယ်။ ပြခန်းကိုလာရောက်လေ့လာမယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာနတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို သိရှိနားလည်သွားမှာပါ။

**ဦးခင်မောင်ထွေး (ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးရဲ့ ဂုဏ်ပြုယာဉ် ဦးခေါင်းပိုင်းမြေပုံမှာ အသစ်တိုးချဲ့ဖွဲ့စည်းထားတဲ့ ခရိုင် နှစ်ခုကို ပြန်လည်ပြင်ဆင် ပြသထားပါတယ်။ တိုင်းဒေသကြီးရဲ့ အမှတ်အသားတစ်ခုဖြစ်တဲ့ ဟင်္သာအဖိုနဲ့ အမ တောင်ပံဖြန့်ပြီး ပျံသန်းနေပုံကိုလည်း ထည့်သွင်းပြသထားပါတယ်။ သစ်တုံးကို ဆင်ဆွဲတဲ့ပြကွက်ဆိုရင်လည်း အလှုပ်ကိုပြသထားတဲ့အတွက် ပဲခူးရိုးမကြီးကနေ သစ်တောဝန်ထမ်းတွေရဲ့ သစ်ထုတ်လုပ်နေမှုကို သရုပ်ပေါ်လွင်အောင် ပြသထားပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုယာဉ် ဖျော်ဖြေမှုမှာ ပဲခူးတိုင်းဒေသကြီးအနေနဲ့ ဒုတိယဆုကို ထိုက်ထိုက်တန်တန်ရရှိတဲ့အတွက် တိုင်းဒေသကြီးကိုယ်စား ဂုဏ်ယူဝမ်းမြောက်သလို ဝန်ကြီးချုပ်ကြီးအတွက်လည်း ဝမ်းသာမိပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်ငွေငွေရီ (ပုသိမ်မြို့၊ ပြပွဲသို့ လာရောက်လည်ပတ်သူ)**

ကျွန်မ ဒီပြပွဲကို မရောက်ဖူးလို့ လာရောက်လေ့လာတာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီးပြခန်း၊ မန္တလေးတိုင်းဒေသကြီးပြခန်းနဲ့ ရန်ကုန်တိုင်းဒေသကြီးက ပြခန်းတွေကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။ ပြခန်းတွေစုံတော့ လာရောက် လည်ပတ်သူတွေအတွက် အသိပညာ ဗဟုသုတတွေလည်း ရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အထင်ကရနေရာတွေ၊ တန်ခိုးကြီးဘုရားတွေကို တစ်နေရာတည်း တွေ့ရတော့ ဝမ်းသာမိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းမှာ ဆိုရင်လည်း တိုင်းဒေသကြီးထွက် ထုတ်ကုန်ပစ္စည်းတွေနဲ့ စားသောက်ကုန်ပစ္စည်းတွေကို လာရောက် လည်ပတ်ကြတဲ့သူတွေ အကြိုက်တွေ့စေမှာပါ။ အခုပြပွဲကို ကျင်းပပေးတဲ့ တာဝန်ရှိတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း– မျိုးဆက်သစ်**
**ဓာတ်ပုံ– ကိုကိုအေး**

❂ စာမျက်နှာ ၁၀ မှ

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ လမ်းမကြီးများ၊ အဝိုင်းများတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအလံများကို ဂုဏ်ပြုစိုက်ထူထားပြီး ညပိုင်းတွင်လည်း ရောင်စုံမီးအလှအပများဖြင့် လှပစွာဂုဏ်ပြုထားရှိကြောင်း တွေ့ရှိရသည်။

**အရေးပေါ်အခြေအနေများနှင့် လုံခြုံရေးအတွက် အပြည့်အဝကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိ**

အဆိုပါဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေးအပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျန်းမာရေးဆေးအဖွဲ့က ဆေးခန်းဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူ၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

**မိဘပြည်သူများ အခမဲ့ လာရောက်လေ့လာကြည့်ရှုအားပေးနိုင်**

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စုနောက်ပိတ် ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာပြခန်း ၁၅ ခန်းတို့မှ အစားအစာရောင်းချခြင်းတို့ကို ဇန်နဝါရီ ၄ ရက်မှစတင်၍ ဇန်နဝါရီ ၈ ရက်အထိ ခင်းကျင်းပြသပေးသွားမည်ဖြစ်၍ မိဘပြည်သူများ အခမဲ့ လာရောက်လေ့လာ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြု



နေပြည်တော် ဇန်နဝါရီ ၇

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား ဂုဏ်ပြုစစ်ရေးပြ၊ ဂုဏ်ပြုယာဉ်၊ ဝန်ကြီးဌာန ကိုယ်စားပြုပြခန်း ခင်းကျင်းပြသရေးနှင့် တိုင်းရင်းသားရိုးရာအက ဖျော်ဖြေရေးအစီအစဉ်တို့တွင် ပါဝင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံနှင့် ပြည်သူပြည်သားကောင်းကျိုးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဒို့တာဝန်အရေး (၃)ပါး၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို အလေးထား ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ထမ်းများအနေဖြင့်လည်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ "စည်းလုံးခြင်းသည်အင်အား" ဆိုသည့်စကားအတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပြည်ထောင်စုဝန်ကြီးထံ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုရရှိခဲ့သည့် ဂုဏ်ပြုယာဉ်အထူးဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား ဂုဏ်ပြုစစ်ရေးပြအစီအစဉ်တွင် ပါဝင်ခဲ့ကြသူများကိုယ်စား ပြည်ထောင်စုအမြဲတမ်းအတွင်းဝန်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ဂုဏ်ပြုယာဉ်အစီအစဉ်တွင် ပါဝင်ခဲ့ကြသူများကိုယ်စား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုပြခန်း ခင်းကျင်းပြသရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြသူများကိုယ်စား တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျေးဇူးတင်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ပဲတီစိမ်းစိုက် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုများ ထောက်ပံ့ပေးအပ်




နေပြည်တော် ဇန်နဝါရီ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးနေသည့် သမဝါယမအသင်းသား တောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြမည့် တောင်သူများ၏ ပန်းတိုင်အထွက်နှုန်းတိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားပြီး ကြွေးမြီကင်းရှင်းသော မိသားစုဘဝများ ပိုင်ဆိုင်စေလို၍ဖြစ်ကြောင်း၊ ဆောင်းသီးနှံ ပဲတီစိမ်းနှင့် နှမ်းစပါးစိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးနေသည့် သမဝါယမအသင်းသားတောင်သူ ၁၀၁ ဦးအတွက် စိုက်ပျိုးရေး သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အောင်မြန်မာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ပဲတီစိမ်းစိုက်ကွက်ကို ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ကန်ကြီးထောင့်မြို့နယ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပဲတီစိမ်း ၉၃၇ ဧကနှင့် နှမ်းစပါး ၄၃၄ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနရှိ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# သထုံမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုစစ်ဆေး

သထုံ ဇန်နဝါရီ ၇

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံတားဦးကျေးရွာအုပ်စု ဒင်္ဂါးဆိပ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်း၊ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာ ကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ဒင်္ဂါးဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၉၃၀၀၊ အကျယ် ၁၆ ပေ၊ ဒု ၂ ပေ ၉ လက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒင်္ဂါးဆိပ်ကျေးရွာတွင် အဆိုပါကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၈၃၀ ဖြင့် တင်ဒါအောင်မြင်သည့် ရတနာဒွေးကြွယ်ကုမ္ပဏီမှ ဇူလိုင်လ ပထမအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါလုပ်ငန်းများအားလုံး ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

# မိုင်းပန်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိုင်းပန် ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်နိုင်ရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီတွင် မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးနှင့် အသုံးပြုလျက်ရှိသော မီတာများ ရပ်/ပျက်/နှေးဖြစ်ပေါ်မှု ရှိ/မရှိကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းများကို လစဉ်သတ်မှတ်ရက်များတွင်



ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးစိုးအောင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၇

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# အမေရိကန်နိုင်ငံ၌ အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ် XBB.1.5 လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၇**

ကိုရိုနာဗိုင်းရပ်စ် အိုမီခရွန်မျိုးကွဲ ဗိုင်းရပ်စ် XBB.1.5 သည် အမေရိကန်နိုင်ငံအတွင်း လျင်မြန်စွာ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၇ ရက်အထိ နိုင်ငံအတွင်း ကူးစက်မှု အသစ်အားလုံး၏ ၂၇ ဒသမ ၆ ရာခိုင်နှုန်းသည် XBB.1.5 အမျိုးအစားဖြစ်မည်ဟု ခန့်မှန်းထားကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ယမန်နေ့တွင် ပြောကြားသည်။


ဒီဇင်ဘာလနှောင်းပိုင်းမှစပြီး အခြားသော အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်များ လျော့ကျလာသော်လည်း XBB.1.5 ရောဂါကူးစက်ပျံ့နှံ့မှုသည် ပိုမိုများပြားလာကြောင်း သိရသည်။ နယူးယောက်ပြည်နယ် အရှေ့ပိုင်း အပါအဝင် ဒေသတစ်ခု၌ အဆိုပါဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် ၇၀ ရာခိုင်နှုန်းကျော်ရှိသည်ဟု ခန့်မှန်းရသည်။

အိမ်ဖြူတော် ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး အာရှီရှ်ဂျာက အဆိုပါဗီဇပြောင်း ဗိုင်းရပ်စ်အမျိုးအစားသည် ကူးစက်မှုပိုမိုမြန်ဆန်သည်ဟု ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

အမေရိကန်နိုင်ငံအတွင်း ဇန်နဝါရီ ၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၅၀၀ သည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနေရပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သောလကထက် ၃၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာသည်။ သို့သော် တစ်ရက်လျှင် သေဆုံးသူ အရေအတွက်သည် လွန်ခဲ့သည့် အောက်တိုဘာလလယ်မှစပြီး လျော့ကျလျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## အမေရိကန်နိုင်ငံရှိ မူလတန်းကျောင်းတစ်ကျောင်း၌ အသက်ခြောက်နှစ်အရွယ်ကလေးငယ်က ဆရာမအား သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် ဇန်နဝါရီ ၇**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်ရှိ မူလတန်းကျောင်းတစ်ကျောင်း၌ အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးက ၎င်း၏ ဆရာမအား သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အခင်းဖြစ်ပွားမှုမှာ ဇန်နဝါရီ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် အသက်ခြောက်နှစ်အရွယ်ကျောင်းသားတစ်ဦးက ၎င်း၏ဆရာမအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အသက် ၃၀ အရွယ် ဆရာမတစ်ဦး သေနတ်ဒဏ်ရာတစ်ချက်ရရှိသွားခဲ့ကြောင်း သိရသည်။ သေနတ်ဒဏ်ရာရရှိခဲ့သည့် ဆရာမသည် အသက်အန္တရာယ်စိုးရိမ်ရကြောင်း တာဝန်ရှိသူများက ဆိုသည်။

သေနတ်ပစ်ခတ်ခဲ့သူ ကလေးငယ်အား ရဲအရာရှိများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါကျောင်းသားကလေးငယ်တွင် မည်သည့် ထိခိုက်ဒဏ်ရာတစ်ခုမျှ မရရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

အဆိုပါအခင်းဖြစ်ပွားမှုကို ကြားသိရသည့် အချိန်တွင် အံ့အားသင့်သွားခဲ့ကြောင်း ကလေးငယ်အား ကျောင်းလာကြိုသည့် မိခင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် မတော်တဆဖြစ်ပွားခြင်းမဟုတ်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ ကလေးငယ်သည် ၎င်းပစ်ခတ်ခဲ့သည့် သေနတ်အား မည်သည့်နေရာမှရရှိခဲ့သလဲဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဈေးနှုန်း ၁၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်

**ရောမ ဇန်နဝါရီ ၇**

ရုရှားနှင့် ယူကရိန်းအကြား ပဋိပက္ခဖြစ်ပွားမှုကြောင့် စွမ်းအင်နှင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာခဲ့သဖြင့် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဈေးနှုန်းသည်လည်း ၂၀၂၂ ခုနှစ်အတွင်းက ၁၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း အီတလီနိုင်ငံ ရောမမြို့အခြေစိုက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

၂၀၂၂ ခုနှစ်အတွင်းက ဟင်းသီးဟင်းရွက်ဆီဈေးနှုန်းသည် ၁၃ ဒသမ ၉ ရာခိုင်နှုန်း၊ နို့နှင့်နို့ထွက်ပစ္စည်းဈေးနှုန်းသည် ၁၉ ဒသမ ၆ ရာခိုင်နှုန်း၊ အသားဈေးနှုန်းသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် သကြားဈေးနှုန်းသည် ၄ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ပြောကြားသည်။

ထို့ကြောင့် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်မှုသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေပြီး အထူးသဖြင့် ဆင်းရဲသည့်နိုင်ငံများကို အဓိကခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က သတိပေးပြောကြားထားသည်။

သို့ရာတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စားနပ်ရိက္ခာဈေးနှုန်းအညွှန်းကိန်းသည် ၂၀၂၂ ခုနှစ်၏ ပထမလများတွင် သိသိသာသာမြင့်တက်မှုရှိခဲ့သော်လည်း ဒီဇင်ဘာလအတွင်းကမူ ယခင်လများထက် ၁ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





## ဒီဇင်ဘာလအတွင်း ကနေဒါနိုင်ငံ၌ အလုပ်အကိုင် ၁၀၄၀၀၀ တိုးမြင့်ရရှိ

**အော့တဝါ ဇန်နဝါရီ ၇**

ဒီဇင်ဘာလအတွင်း ကနေဒါနိုင်ငံ၌ အလုပ်အကိုင် စုစုပေါင်း ၁၀၄၀၀၀ တိုးမြင့်ရရှိခဲ့ခြင်းကြောင့် အလုပ်လက်မဲ့နှုန်းသည်လည်း ၅ ရာခိုင်နှုန်းအထိ ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း ကနေဒါနိုင်ငံစာရင်းအင်းဌာနက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

ကနေဒါနိုင်ငံ၏ အလုပ်အကိုင်ရရှိမှုသည် အစိုးရကဏ္ဍများ၌ တည်ငြိမ်လျက်ရှိစဉ် ပုဂ္ဂလိကကဏ္ဍများတွင် သိသိသာသာတိုးလာခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအလုပ်အကိုင်များရရှိမှုသည် သယ်ယူပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းအများအပြားတွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းအင်းအေဂျင်စီက ပြောကြားသည်။

ကနေဒါနိုင်ငံ အမျိုးသားစာရင်းအင်းအေဂျင်စီ၏ ပြောကြားချက်အရ အလုပ်သမားများ၏ ပျမ်းမျှအချိန်ပိုင်းလုပ်ခလစာသည် နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ ဒီဇင်ဘာလအတွင်းကမူ ခုနစ်လဆက်တိုက် ၅ ရာခိုင်နှုန်းအထက် တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် အလုပ်သမားများ၏ ပျမ်းမျှအချိန်ပိုင်းလုပ်ခလစာသည် ကနေဒါဒေါ်လာ ၃၂ ဒသမ ၀၆ ဒေါ်လာရရှိနေကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

■

# တရားမဝင် စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သတ္တုတွင်းဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် အမှတ်(၁) ရပ်ကွက် ဧရာဝတီမြစ်အတွင်း နောင်တာလောအင်း၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ဇန်နဝါရီ ၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့ သဃ်နီညီနောင်ကျေးရွာ ချစ်ကြည်ရေးဆီဆိုင်အနီး၌ ယာဉ်သုံးစီးပေါ်မှ အကောက်ခွန်မဲ့ အိမ်သုတ်ဆေးပုံးများနှင့် အားဖြည့်အချိုရည်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၆၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် မုံရွာ-မန္တလေးကားလမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၆၅၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မရမ်းကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မိုင်းခတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

မရမ်းကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မိုင်းခတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်



ထက်လင်းကျော်၊ ဇွန်လဲ့ရည်ဖြိုးနှင့် နေလင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကုန်-ပုသိမ်သွားကားလမ်းတွင် ထက်လင်းကျော် မောင်းနှင်ပြီး ဇွန်လဲ့ရည်ဖြိုးနှင့် နေလင်းတို့ လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ နှင့် ငွေကျပ် ၂ ဒသမ ၀၈၅ သိန်းတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မှော်ဘီမြို့နယ် အမှတ်(၄)ရပ်ကွက် စက်မှု(၁)လမ်းရှိ နေမျိုးဝင်း (ခ)နေမျိုး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ချစ်ကိုအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ အိုက်စ် သုည ဒသမ ၀၉ ကီလိုနှင့်ချစ်ကိုထံမှဆေးခြောက်သုံးကီလိုတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျန္နး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းတုံမြို့နယ်၌ လယ်ယာကေများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**မိုင်းတုံ ဇန်နဝါရီ ၇**



ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲကင်းကျေးရွာအုပ်စု ဟွေပါဆပ်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဟွေပါဆပ် - ဆီငင်း ကျေးလက်ကုန်ထုတ်လမ်း အပိုင်း(၁)၊ အပိုင်း(၂) ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်၊ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ဟွေပါဆပ်ကျေးရွာရှိ ဟွေပါဆပ် - ဆီငင်း ကျေးလက်ကုန်ထုတ်လမ်း အပိုင်း(၁)၊ အပိုင်း(၂) စုစုပေါင်း အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၈ပေ၊ ဒု ကိုးလက်မနှင့် ယင်းကုန်ထုတ်လမ်းပေါ်ရှိ အလျား၂၂ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert တံတားသုံးစင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဟွေပါဆပ်-ဆီငင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၂၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဈာန်ဓနကုမ္ပဏီနှင့် သီရိမိုင်ကုမ္ပဏီတို့မှ ၂၀၂၂ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကုန်ထုတ်လမ်းဘေးဝဲယာရှိ မဲကင်းကျေးရွာ၊ မောက်ဇလီကျေးရွာ၊ ဆီငင်းကျေးရွာနှင့် ဟွေပါဆပ်ကျေးရွာတို့၏ လယ်ယာကေ ၂၀၀ ကျော်မှ ထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

 JJJ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(**မင်္ဂလသုတ်**)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** "ဒီဗိုကရေစီဆိုရာဝယ်"
- **၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၃၀** "MRTV သံစုံတီးဝိုင်းဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်"
- **၁၁:၃၀** အသိပညာနှင့်အမှန်တရား "ဟာသမှုရသောအတွေးများ"
- **၁၂:၃၀** This Week's Special Interest
- **၁၃:၀၀** Weekly Local News Highlights
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် "**ပန်းသီတဲ့ကြိုး**" (နေအောင်၊ လွှမ်းမိုး၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ဝင်းဖေ)
- **၁၆:၄၅** "Sports Diary"
- **၁၇:၁၅** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ
- **၁၇:၄၅** Economic Review
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** 'သုတဝေဖြာ...သီရိဂေဟာ'
- **၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ "**အတိုးမပေးတဲ့....နိုးငလေး**" (အပိုင်း-၂၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း "**အရှိအမှန်စကား**"
- **၂၁:၂၅** ဘဝနှင့်အနုပညာ "**သီတာမှသည်တေးသံရှင်ဒိုင်ဝါဆီ**" (အပိုင်း-၃)
- **၂၁:၄၀** ဆေးရောင်စုံရုပ်ရှင် "**အမြစ်နီးဆုံးနှင်း**" (ရန်အောင်၊ စိုးသူ၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-သက်မောင်မောင်)

**mitv**

- **07:01** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- **07:10** Myanmar Traditional Brass Embossed Painting
- **07:30** Mote Pel Sote from Intaing Village
- **07:38** On the River
- **08:01** News
- **08:28** Colourful Lotus-Shaped Candles
- **08:35** The Efficacy of Myanmar Traditional Medicine
- **09:01** Let's Explore Organic Farming
- **09:48** Today Myanmar
- **10:01** News
- **10:40** Perspectives: Property Investments In Myanmar
- **11:01** Ngapali Beach: Fishing Villages
- **11:08** Weekly Review

**MRTV NRC**

- **ချင်း (လိုင်စိုး) (၀၆:၀၀ မှ ၀၇:၀၀)** မန်ကျည်းပင်၏ကောင်းကျိုးများ
- **ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)** "ဝ" ဥစိုက်ပျိုးခြင်း
- **မွန် (၀၈:၀၀ မှ ၀၉:၀၀)** ဆေးပက်ဝင်ဝေဒါပင်
- **ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** သာယာပါသည်ရခိုင့်ဌာနီ
- **ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** တို့ဟူးဖြူပြုလုပ်နည်း
- **ဝ (၁၃:၀၀ မှ ၁၅:၀၀)** စပျစ်သီးစိုက်ပျိုးခြင်း
- **ကချင် (၁၅:၀၀ မှ ၁၇:၀၀)** မနောအလှ
- **ကယား (၁၇:၀၀ မှ ၁၉:၀၀)** သဘာဝအလှတရားရှိရာ ထီးစဲခါးရေတံခွန်ဆီ
- **ပကြေားကရင် (၁၉:၀၀ မှ ၂၁:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၄)
- **အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်ရိုးရာဗိန်ပ်လုပ်ငန်း
- **အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကျွန်တော်တို့ရွာ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၈:၄၅** ပက်စိမ်းကွမ်းတောင်
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၄:၂၀** News Desk
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**အရိပ်တကြည့်ကြည့်**"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း-အပိုင်း(၁)
- **၁၁:၀၀** အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေးအကြောင်း
- **၁၁:၃၀** 'အတွေးအမြင်'-အပိုင်း(၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၆:၂၅** အကျိုးရှိစွာအသုံးချပါ ကိုင်းကူးကိုင်းဆက်နည်းပညာ
- **၀၇:၁၀** လယ်ယာထွက်ရှိပစ်ပစ္စည်းများမှ အဏုဇီဝမြေဩဇာပုံများပြုလုပ်ခြင်းသုတေသန
- **၀၇:၃၀** "မွေးမြူရေးရာ အဖြာဖြာ"
- **၀၈:၂၀** "ပြုံးပန်းဝေဖြာတို့တောရွာ" အမှိုက်ထဲကရွှေ
- **၀၈:၅၅** ဝင်ငွေတိုးပွားရွှေသွား
- **၀၉:၃၅** နိုင်ငံတကာဈေးကွက်ဆီသို့ အရောက်သွားမည့်မြန်မာ့ပဲတီစိမ်း

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၇**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နှင့် တန့်ယန်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၄၅မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မဟာအောင်မြေမြို့နယ် ၃၅ လမ်းမှ ၃၈ လမ်းထိ၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြား သင်္ဂဇာချောင်းအရှေ့ဘက်တစ်လျှောက်တို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




မိုင်းခတ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ကမ္မဋ္ဌာန်းကျောင်းလမ်းဘေး၌ သန့်ရှင်းရေးမဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၀ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၂၂ | ၁၉၉၄ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၇၄ | ၂၂၄၇ |
| HSD (10 ppm) | ၂၁၇၄ | ၂၂၄၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း၌ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်မည့် PDF အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း၌ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်မည့် PDF အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေပြဇယား**

၂၇-၁၂-၂၀၂၂ ရက်တွင် ဖမ်းဆီးရမိ


ဦးဇဝန(ခ)စိုးသန်းဝင်း
(အကြမ်းဖက်အဖွဲ့များအား ကူညီပေးသူ)

၂၉-၁၂-၂၀၂၂ ရက်တွင် ဖမ်းဆီးရမိ


သန်းဇော်ဌေး(ခ)သားငယ်
(အကြမ်းဖက်အဖွဲ့များအား ကူညီပေးသူ)


ဇော်ဇော်အောင်(ခ)ဆရာကျောင်း
(PDF အကြမ်းဖက်အဖွဲ့ခေါင်းဆောင်)


အိုက်ရွှန်
(PDF အကြမ်းဖက်အဖွဲ့ဝင်)

၃၁-၁၂-၂၀၂၂ ရက်တွင် ဖမ်းဆီးရမိ


တင်တင်ညို(ခ)မလေး
(အကြမ်းဖက်အဖွဲ့များထံ သတင်းပေးပို့သူ)


မင်းမင်းဦး
(အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့သူ)

၃-၁-၂၀၂၃ ရက်တွင် အသေဖမ်းဆီးရမိ


ဖိုးခွား(ခ)အင်းဖိုးခွား
(PDF အကြမ်းဖက်အဖွဲ့ခေါင်းဆောင်)


(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့ဝင်


(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့ဝင်


(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့ဝင်

၄-၁-၂၀၂၃ ရက်တွင် ဖမ်းဆီးရမိ


ဇော်မျိုးအောင်
(အကြမ်းဖက်အဖွဲ့ဝင်)


ခွဲညီထွန်း
(အကြမ်းဖက်အဖွဲ့ဝင်)

**နေပြည်တော်  ဇန်နဝါရီ ၇**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရဟန်းသံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူသွားလာလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ တိုင်ကြားချက်အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ညပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းသို့ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသော အကြမ်းဖက်အဖွဲ့များအား ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ အင်းတိန်ညောင်အုပ်ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် **ဦးဇဝန(ခ)စိုးသန်းဝင်း**အား ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဦးဇဝန(ခ)စိုးသန်းဝင်း၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ၎င်းနှင့်အတူ PDF အကြမ်းဖက်အဖွဲ့များအား ကူညီဆောင်ရွက်ပေးနေသည့် **သန်းဇော်ဌေး(ခ)သားငယ်**အား ကလောမြို့နယ် ဟဲဟိုးမြို့ ညောင်ခါးရှည်ကျေးရွာအနီး၌ လည်းကောင်း၊ ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဇော်ဇော်အောင်(ခ)ဆရာကျောင်း**နှင့် အကြမ်းဖက်အဖွဲ့ဝင် **အိုက်ရွှန်**တို့နှစ်ဦးကို ကလောမြို့နယ် ဟဲဟိုးမြို့ ရပ်ကွက်(၅)ရှိ "နန္ဒဝန်" စားသောက်ဆိုင်၌ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်အတောင့် ၅၀၊ လက်ပစ်ဗုံးနှစ်လုံး၊ စကားပြောစက်တစ်လုံးတို့ဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ ဇော်ဇော်အောင်(ခ)ဆရာကျောင်း၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် PDF အကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားသွားလာမှုသတင်းများ ပေးပို့ခဲ့သော **တင်တင်ညို(ခ)မလေး**ကို တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အမှတ်(၂၁၉/ခ)ရှိ နေအိမ်၌လည်းကောင်း၊ အကြမ်းဖက်အဖွဲ့များအား ငွေကြေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေသည့် **မင်းမင်းဦး**ကို တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်ရှိ အမှတ်(၅၉၁) နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ဇော်ဇော်အောင်(ခ)ဆရာကျောင်း၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့များဖြင့် ၎င်းတို့အကြမ်းဖက်အဖွဲ့ဝင်များ ခိုအောင်းလျက်ရှိသည့် ညောင်ရွှေမြို့နယ် လုံကန်ကျေးရွာ၊ တောင်တိုကျေးရွာ၊ တောင်ခြားပြင်ကျေးရွာအနီးတစ်ဝိုက်သို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာ တောင်ခြားပြင်ကျေးရွာအနီးရှိ တောတွင်းအရောက်၌ PDF အကြမ်းဖက်အဖွဲ့အင်အား ၂၀ ခန့်က လုံခြုံရေးအဖွဲ့များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် အနောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် PDF အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ တရားခံ**ဖိုးခွား(ခ)အင်းဖိုးခွား** အပါအဝင် အကြမ်းဖက်သမား (စိစစ်ဆဲ) ကျားငါးဦး၏ အလောင်းများ၊ AK-47 သေနတ်တစ်လက်၊ M-4 သေနတ်တစ်လက်၊ MF-12 သေနတ် တစ်လက်၊ ကာဘိုင် တစ်လက်၊ လောင်ချာ တစ်လက်၊ လက်လုပ်သေနတ် ခုနစ်လက်၊ ၄၀ မမ ဗုံးသီး ၁၀ လုံး၊ လက်ပစ်ဗုံး ၂၃ လုံး၊ နင်းမိုင်းကိုးလုံး၊ ကျည်မျိုးစုံ ၂၄၁၄ တောင့်၊ ကျည်အိမ်မျိုးစုံ ၂၅ ခု၊ Drone တစ်စင်း၊ စကားပြောစက် လေးလုံး၊ မြေပုံ ခုနစ်ရွက်၊ ပြောက်ကျားယူနီဖောင်း ရှစ်စုံ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ရှင်းလင်းသိမ်းဆည်းရမိခဲ့သည်။

၎င်းနောက် လုံခြုံရေးပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်စဉ် ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ကံရွာကျေးရွာအနီး၌ လုံခြုံရေးအဖွဲ့အား ပစ်ခတ်မှုတွင် ပါဝင်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော တရားခံ **ဇော်မျိုးအောင်**၊ **ခွဲညီထွန်း**နှင့် **ကတုံး**(သေဆုံး)တို့သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ခုနစ်ဦး၊ မ တစ်ဦး၊ ပေါင်း ရှစ်ဦး၊ အကြမ်းဖက် အဖွဲ့ဝင် အလောင်း ခြောက်လောင်း၊ လက်နက်မျိုးစုံ ၁၂ လက်၊ ၄၀ မမ ဗုံးသီး ၁၀ လုံး၊ လက်ပစ်ဗုံး ၂၃ လုံး၊ နင်းမိုင်း ကိုးလုံး၊ ကျည်မျိုးစုံ ၂၄၁၄ တောင့်၊ ကျည်အိမ်မျိုးစုံ ၂၅ ခုနှင့် Drone တစ်စင်းတို့အား ဖော်ထုတ်ဖမ်းဆီးသိမ်းဆည်းရမိခဲ့သည်။

**စာမျက်နှာ ၁၇ သို့ ***


၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ကလောမြို့နယ် ဟဲဟိုးမြို့ ရပ်ကွက်(၅)ရှိ "နန္ဒဝန်" စားသောက်ဆိုင်၌ တရားခံနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ညောင်ရွှေမြို့နယ် တောင်ခြားပြင်ကျေးရွာအနီး၌ PDF အကြမ်းဖက်အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

# ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်များဖြင့် Drop Bomb များ အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်များဖြင့် Drop Bomb များ အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦး အပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှနေ၍ Drone ယာဉ်များဖြင့် Drop Bomb ခုနစ်လုံး အကြောင်းမဲ့လာရောက်ပစ်ချ တိုက်ခိုက်ခဲ့သဖြင့် Drop Bomb ခြောက်လုံးမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျေးရွာအတွင်း နေထိုင်သည့် အပြစ်မဲ့ပြည်သူများဖြစ်သည့် ဒေါ်သေးတင်(၆၂)နှစ်၊ ဒေါ်ညိုထွေး(၄၅)နှစ်၊ ဒေါ်ဖြူဖြူသွဲ့(၂၆)နှစ်၊ မောင်ဟိန်းထက်ဇော် (၁၇)နှစ်၊ မောင်ပြည့်စုံအောင် (၁၂)နှစ်၊ မောင်ဟန်မင်းထက် ကိုးနှစ်နှင့် မောင်ပိုင်ပိုင် နှစ်နှစ်တို့ ခုနစ်ဦးတို့တွင် ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ ကျေးရွာနေ ပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက် သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းများအား လုံခြုံရေးရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၁၆ မှ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ဇော်အောင်(ခ) ဆရာကျောင်း**နှင့် **အိုက်ရွှန်**တို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် ဖယ်ခုံမြို့နယ် နားဟီးကျေးရွာအနီး၌ PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်း၌ NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့များအား ဖမ်းဆီးရန်ကျန် တရားခံ **ဖိုးခွား(ခ)ဖားပျံဖိုးခွား** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်ဖြင့်လည်းကောင်း၊ **ဇော်ဇော်အောင်(ခ)ဆရာကျောင်း** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၄၀ ခန့်ဖြင့် လည်းကောင်း၊ ဖမ်းဆီးရန်ကျန်တရားခံ **ကိုစိုင်း** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၁၀၀ ခန့်ဖြင့်လည်းကောင်း၊ **ဖိုးခွား(ခ) အင်းဖိုးခွား** ခေါင်းဆောင်သည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၁၅၀ ခန့်ဖြင့်လည်းကောင်း၊ ဖမ်းဆီးရန်ကျန် တရားခံ **ခွန်ရောင်နီ(ခ) အောင်ဝင်း** ခေါင်းဆောင်သည့် PNDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့်ဖြင့်လည်းကောင်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ဇော်အောင်(ခ) ဆရာကျောင်း** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၁၅ ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ **ဖိုးခွား (ခ) ဖားပျံဖိုးခွား** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၁၀ ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ **ကိုစိုင်း** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၁၅ ဦး၊ **ဖိုးခွား(ခ)အင်းဖိုးခွား** ခေါင်းဆောင်သော PDF အကြမ်းဖက်အဖွဲ့မှ အင်အား ၂၀၊ PNDF အမည်ခံအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ **ခွန်ရောင်နီ(ခ)အောင်ဝင်း** ခေါင်းဆောင်သော အင်အား ၁၀ ဦး စုစုပေါင်း အကြမ်းဖက်အင်အား ၇၀ ခန့်တို့သည် လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်၍ ပင်လောင်း၊ ညောင်ရွှေ၊ အင်းလေးဒေသအတွင်းသို့ ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများမှတစ်ဆင့် အဖွဲ့များခွဲ၍ ဝင်ရောက်လာပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာရှိ လုံခြုံရေးကင်းစခန်းများကို လည်းကောင်း၊ ပေါင်းပိန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်ကို လည်းကောင်း ဝင်ရောက်တိုက်ခိုက်ပြီး အစိုးရဌာနဆိုင်ရာ အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် လူစည်ကားရာနေရာများ၊ ဘုရားဖူးများဖြင့် စည်ကားနေသည့် ဖောင်တော်ဦးဘုရားဝန်းကျင်နှင့် ဖောင်တော်ဦးဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများအား ထိတ်လန့်ချောက်ချားစေရန်နှင့် သေကျေပျက်စီးမှုများဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။










၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ညောင်ရွှေမြို့နယ် တောင်ခြားပြင်ကျေးရွာအနီး၌ PDF အကြမ်းဖက်အဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ဇော်ဇော်အောင်(ခ) ဆရာကျောင်း** သည် ထိုင်းနိုင်ငံနေ ဖမ်းဆီးရန်ကျန် တရားခံ **ကျော်ကြား** နှင့် စင်ကာပူနိုင်ငံနေ ဖမ်းဆီးရန်ကျန် တရားခံ **နန်းစံ**တို့၏ ချိတ်ဆက်မှုဖြင့် NUG အကြမ်းဖက်အဖွဲ့နှင့် ပြည်တွင်း/ပြည်ပရှိ အစွန်းရောက်ထောက်ခံသူများထံမှ ငွေကြေးထောက်ပံ့မှုများရယူ၍ လိုအပ်သော လက်နက်/ခဲယမ်းများအား ဝယ်ယူစုဆောင်းခဲ့ကြောင်း၊ တရားခံ **တင်တင်ညို(ခ) မလေး** သည် **မင်းမင်းဦး**မှတစ်ဆင့် **ဇော်ဇော်အောင်(ခ)ဆရာကျောင်း**နှင့် ၎င်း၏အကြမ်းဖက်အဖွဲ့များထံသို့ ငွေကြေးနှင့် ရိက္ခာပစ္စည်းများအား ခြောက်ကြိမ် ထောက်ပံ့ပေးခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ် မတိုင်မီတွင်လည်း **ဇော်ဇော်အောင်(ခ)ဆရာကျောင်း**ထံသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုသတင်းများအား ဆက်သွယ် ပြောကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုကို မလိုလားသော တိုင်းရင်းသားပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်မီကြိုးပမ်းဖော်ထုတ်နိုင်မှုများကြောင့် ဖမ်းဆီးရမိခဲ့သော တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ ယခုကဲ့သို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မထီးကျေးရွာနေ မြထွန်းလင်း(ခ) ဖိုးကုလားသည် ၎င်းအသုံးပြုသည့် “Rpaytoo” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## Working Group မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်



**ပန်းတောင်း ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ Working Group မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ရပ်ကွက် ငါးရပ်ကွက်နှင့် အုပ်စု ၄၄ အုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပန်းတောင်းမြို့နယ် Working Group မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေးလုပ်ငန်းတစ်ရပ်လုံးပြီးမြောက်အောင်မြင်နိုင်ရေးအတွက် မြို့နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အတွင်းရေးမှူး ဦးကျော်ဝင်းတို့ ဦးဆောင်၍စာရင်းကောက်ယူရေးအဖွဲ့များက လာမည့်အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းရလဒ်မှန်ကန်စေရေးအတွက် ရပ်ကွက်ငါးရပ်ကွက်နှင့် အုပ်စု ၄၄ အုပ်စုအတွင်းရှိ လူဦးရေဆိုင်ရာစာရင်းအချက်အလက်များနှင့်မသန်စွမ်းငါးမျိုးစာရင်းအား တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုရ **"ဝတ်ရည်ခင်(ပဲခူး)"** ရေးသားသည့် **"မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ"** စာအုပ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/ ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင်လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တွေမြို့၌ လက်ရက်ကန်းအဆင့်မြင့် နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)တွင် ဖွင့်လှစ်ခဲ့သော လက်ရက်ကန်းအဆင့်မြင့်နည်းပညာသင်တန်းဆင်းပွဲနှင့် လက်ရက်ကန်းစင် ၃၀ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့တွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က သင်တန်းသူများအား လက်ရက်ကန်းစင်များကို ထောက်ပံ့ပေးအပ်ကြပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)မှ သင်တန်းဆရာ ဆရာမများက တစ်လကြာသင်ကြားပို့ချခဲ့ကာ သင်တန်းပြီးမြောက်ချိန်တွင် သင်တန်းသူများအား လက်ရက်ကန်းစင် တစ်စင်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေကြယ်

## နှစ်ဆန်းပိုင်းတွင် အိန္ဒိယပို့ကုန် မြေထောက်ပဲနှင့် တရုတ်ပို့ကုန် နှမ်းနက်များ ဈေးနှုန်းမြင့်ကာ အရောင်းအဝယ်သွက်

**မန္တလေး ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းကာလတွင် မန္တလေးဈေးကွက်အတွင်း၌ အိန္ဒိယပို့ကုန်ဖြစ်သည့် မြေထောက်ပဲနှင့် တရုတ်ပြည်ပို့ကုန်ဖြစ်သည့် စမုန်နက်နှမ်းများ ဈေးနှုန်းများမြင့်တက်ကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



**အဖွင့်ဈေးကောင်း**

အဆိုပါပို့ကုန်များသည် ယခုနှစ်စကာလတွင် ဈေးကွက်အတွင်း၌ အဖွင့်ဈေးကောင်းများဖြင့် စတင်ဝင်ရောက်လာကာ ဈေးကောင်းများရရှိနေကြောင်း၊ လက်ရှိတွင် မြေထောက်ပဲသည် ပြီးခဲ့သည့်နှစ်ကာလတူအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာရှိခဲ့သော်လည်း ယခုစတင်ဝင်ရောက်ချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း၊ ထို့အတူ စမုန်နက်နှမ်းမှာလည်း ပြီးခဲ့သည့်နှစ် ကာလတူအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ရှိခဲ့ရာမှ ယခုနှစ်စအချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ဈေးတို့ဖြင့် ဈေးနှုန်းများ ကောင်းမွန်ကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

"ယခုနှစ်စပိုင်းမှာပဲ မန္တလေးပဲဈေးကွက်ထဲမှာ အိန္ဒိယပို့ကုန်ဖြစ်တဲ့ မြေထောက်ပဲနဲ့ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ စမုန်နက်နှမ်းများဟာ အမြင့်ဈေးနှုန်းတွေနဲ့ ဝင်ရောက်လာပါတယ်။ လက်ရှိအချိန်မှာ အိန္ဒိယပို့ကုန် မြေထောက်ပဲတွေဟာ ဧရာဝတီမြစ်ရိုးတစ်လျှောက် ဇန်းမော်၊ ကသာ၊ ထီးချိုင့် စတဲ့ဒေသတွေက စတင်ဝင်ရောက်နေပါပြီ။ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ စမုန်နက်နှမ်းတွေဟာလည်း ရွှေဘို၊ စလင်း၊ ဆင်ဖြူကျွန်း၊ မုံရွာ၊ ပခုက္ကူ၊ ထီးချိုင့်၊ တကောင်း စတဲ့နယ်တွေက ဝင်ရောက်လာပါတယ်။ နှစ်စမှာတင် ဈေးတက်နေတာကြောင့် နောက်ပိုင်းမှာ အလားအလာကောင်းလာမှာပါ။ ဒီနှစ်အဖို့က သုံးနှစ်ကြာပိတ်ထားတဲ့ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေကိုလည်း ယခုလ ၈ ရက်မှာ စတင် ဖွင့်လှစ်တော့မယ်ဆိုတဲ့သတင်းကြောင့် အားလုံး ဝမ်းမြောက်စွာကြိုဆိုနေကြပါတယ်။ ဖွင့်လှစ်တော့မှာဖြစ်တာကြောင့် စိုက်ပျိုးရေးပို့ကုန်တွေနဲ့ အခြားပို့ကုန်တွေဟာ အလားအလာ ကောင်းမွန်နေပါတယ်" ဟု ၎င်းကပြောဆိုသည်။

လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်အတွင်း၌ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၃၀၀၀၊ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၄၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ မြေပဲလုံးဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀၊ ပြောင်းဖူးစေ့ တစ်တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ စသည့် ပေါက်ဈေးများဖြင့် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

■

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# မင်းလတ်

**သိပ္ပံမောင်ဝ**

မင်းလတ်ကား မန္တလေးနှင့် ပြည် အပြန်ပြန်အလှန်လှန် သွားနေသော ကူးတို့သင်္ဘောအမည်ဖြစ်၏။ မင်းလတ်ပြည်မြို့သို့ရောက်သော အကြိမ်ပေါင်းလည်း များလှလေပြီ။ မန္တလေးမြို့သို့ ပြန်၍ရောက်သော အကြိမ်ပေါင်းကို မရေတွက်နိုင်။ ယခု မန္တလေးမှ ထွက်၍လာခဲ့သော အကြိမ်မှာလည်း ထိုမရေတွက်နိုင်သော အကြိမ်ပေါင်းများစွာတွင် တစ်ကြိမ်မျှသာဖြစ်၏။ ထူးခြားသော အကြိမ်ဟူ၍ကား မဆိုနိုင်။

မန္တလေးမှ နံနက်စောစော ထွက်၍လာခဲ့၏။ စစ်ကိုင်း၊ အင်းဝ စသော ရှေးအခါက ကျော်စောခဲ့ကြသည့် မြို့တော်ဟောင်းများတွင် ဆိုက်ကပ်၏။ တက်သူတက်၊ ဆင်းသူဆင်း၊ ကူလီတစ်သင်းကလည်း သူ့ငှားပါ၊ ငါ့ငှားပါနှင့် ဆူညံစွာ အော်ဟစ်ကြကုန်၏။

ထိုမှလွန်ပြန်လျှင် ရွာသစ်ကြီး၊ ကျောက်တစ်လုံး၊ ငွေနှံ၊ မြင်းမူ အစရှိသော ဝါထွက်ရာ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ပြန်၏။ အချို့ ကမ်းတွင်ထိုး၍ ဆိုက်ရလေသည်။ သင်္ဘောသည် ထိုကမ်းပါးအနီးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သင်္ဘောကုလား လေးယောက်သည် အသီးသီး သင်္ဘောပေါ်မှ ခုန်၍ဆင်းကြပြီးလျှင် ကြိုးကြီးတစ်ချောင်းကို ကမ်းခြေသို့ ရေကူးကာ ဆွဲယူကြကုန်၏။ ရောက်လျှင် စိုက်ထားအပ်သော တိုင်တို့တွင် ချည်ကြ၏။ သင်္ဘောမှာလည်း ထိုကြိုးအားဖြင့် ကမ်းပါးသို့ကပ်၍ သွားရလေသည်။

ကမ်းပါးပေါ်တွင် သင်္ဘောအလာကို အတောင့်သားစောင့်စား၍ နေကြသော လူတို့မှာလည်း ဆူညံလျက်ပင်။ ကူလီတွေက မရှား၊ အပျော်အပါး လာရောက်ရှုစားသူတွေကလည်းရှိ။ အသိမိတ်ဆွေတို့အား လာရောက်ကာ ပို့ကြသူ ကြိုကြသူတွေကလည်းအများ၊ သင်္ဘောဆိပ်ကမ်းတွင် ကပ်လိုက်သည်နှင့်တစ်ပြိုင်နက် တက်မည့်သူတွေကလည်း တိုး၍တက်ကြ၊ ဆင်းမည့်သူတွေကလည်း တိုး၍ဆင်းကြ၊ ရေထဲကျမှာကိုလည်း စိုးရ၊ ပျော်စရာလည်း မကျတကျ။ ကမ်းခြေတစ်လျှောက်ကို ရှုမျှော်၍ လာပြန်လျှင်လည်း သာယာတင့်တယ် ရှုချင်စဖွယ်ကောင်းလှ၏။ တောင်ထိပ်တောင်ကုန်းလေးတွေကိုလည်းကောင်း၊ စိမ်းလန်းလျက်နေသော ယာခင်းများကိုလည်းကောင်း၊ တောင်ထိပ်တို့အပေါ်တွင် ဖြူဖြူဖွေးဖွေး စေတီတော်ကလေးတို့ကိုလည်းကောင်း၊ ပျက်စီးယိုယွင်း အိုမင်းလျက်နေကြသော စေတီတော်တို့ကိုလည်းကောင်း၊ တောင်ကမ်းပါး တောင်ပြတ်ကြီးတို့ကိုလည်းကောင်း တွေ့မြင်ရလျှင် မည်သူစိတ်မချမ်းမြေ့ စိတ်မကြည်နူးနိုင်ဘဲ နေနိုင်ပါအံ့နည်း။

ကမ်းပါးပေါ်တွင် သင်္ဘောအလာကို အတောင့်သားစောင့်စား၍နေကြသော လူတို့မှာလည်း ဆူညံလျက်ပင်။ ကူလီတွေက မရှား၊ အပျော်အပါး လာရောက်ရှုစားသူတွေကလည်းရှိ။ အသိမိတ်ဆွေတို့အား လာရောက်ကာ ပို့ကြသူ ကြိုကြသူတွေကလည်းအများ၊ သင်္ဘောဆိပ်ကမ်းတွင် ကပ်လိုက်သည်နှင့်တစ်ပြိုင်နက် တက်မည့်သူတွေကလည်း တိုး၍တက်ကြ၊ ဆင်းမည့်သူတွေကလည်း တိုး၍ဆင်းကြ၊ ရေထဲကျမှာကိုလည်း စိုးရ၊ ပျော်စရာလည်း မကျတကျ။ ကမ်းခြေတစ်လျှောက်ကို ရှုမျှော်၍ လာပြန်လျှင်လည်း သာယာတင့်တယ် ရှုချင်စဖွယ်ကောင်းလှ၏

မြစ်ကမ်းခြေတစ်လျှောက်တွင် ရေသောက်ရန်လာကြသော နွားအုပ်ကြီးအပေါ်၌ မင်းလုပ်ကာနေကြသော နွားကျောင်းသားကလေးတို့မှာလည်း မိမိတို့အနီးမှ သင်္ဘောဖြတ်သွားသည်ကို မြင်ကြရလျှင် စိတ်ပျော်သလိုလို၊ ဘာလိုလိုဖြစ်၍ ခုန်ပေါက်ကာ ကပြလိုကပြ။ လက်တွင်ကိုင်၍ထားသော အဝတ်စ၊ လုံချည်စုတ်တို့ကို လှုပ်ပြလို လှုပ်ပြ။ အော်ပြီးနှုတ်ဆက်၊ ပျော်စဖွယ်လိ၊ ထိုနွားကျောင်းသားတို့၏ စိတ်တွင်ကား မိမိတို့အနားမှ ဖြတ်၍သွားသော သင်္ဘောမှာ ဘယ်နေရာကလာ၍ ဘယ်နေရာသို့ သွားသည်ကိုမသိ။ မန္တလေးနှင့် ပြည်သို့သွားသော ကူးတို့သင်္ဘောဟူ၍ကား သိချင်သိပေလိမ့်မည်။ သို့ရာတွင် ထိုမန္တလေး၊ ပြည်မြို့တို့သည် မိမိတို့နှင့် မည်မျှကွာဝေးသည်ကိုလည်းကောင်း၊ ထိုမြို့တို့သည် မည်မျှကြီးကျယ်ကြသည်ကိုလည်းကောင်း၊ မီးရထား၊ မော်တော်ကားတို့ ပြည့်နှက်လျက်နေသည်ကိုလည်းကောင်း အနည်းငယ်မျှ သိရှာကြမည်မဟုတ်။ သိလည်းမသိလို၊ မိမိနွားအုပ်တွင် မင်းလုပ်၍နေသည်ကိုပင် ကျေနပ်လှလေပြီ။ သွေးတကြီးကြီးနဲ့ အနည်းနည်းအဖုံဖုံ ဂုဏ်လုပ်၍ နေကြလေတော့သည်။

ထိုနွားကျောင်းသားတို့အပြင် ကမ်းပါးအနီး တောင်ထိပ်များပေါ်တွင် ကျောင်းကလေးတစ်ကျောင်းတလေကို တွေ့မြင်ရပေ၏။ ထိုကျောင်းများအနီးအနားတွင် ရွာလည်းမရှိ၊ လူသူမနီးသော တောင်ထိပ်ပေါ်၌ တစ်ကိုယ်တည်း တရားအားထုတ်ရန် ထွက်၍လာကြသော ရဟန်း၊ ရသေ့၊ သူတော်ကောင်းများ ဖြစ်တန်ရာ၏။ ရေအတွက်ကား ဧရာဝတီမြစ်ကြီးကိုပင် အမှီပြု၏။ အားထား၏။

ထိုကျောင်းကလေး အသီးသီးတို့တွင် သီတင်းသုံးနေတော်မူကြသော သူတော်သူမြတ်တို့အား ထိုကူးတို့သင်္ဘောပေါ်တွင် ပါ၍လာကြသော သူတို့မှာ မည်သူများဖြစ်ပါလိမ့်မည်ကိုလည်း ဂရုမစိုက်။ မည်သို့သွားကြသည်ကိုလည်း အမှုမထား။ ဤသင်္ဘော သွားသောအချိန်ကား မည်သည့်အချိန်ပေတည်း စသည်ဖြင့်သာ အမှတ်ထားပေလိမ့်မည်။ ဤသင်္ဘော ဧရာဝတီမြစ်ကြောစုန်သွားတိုင်း တစ်ရက် တစ်ရက် ကုန်လွန်၍ သွားပေပြီ။ ထိုရက်တို့ကား ပြန်၍မလာ။ လူတို့၏ အသက်သာလျှင် သေရက်သို့ နီးလေပြီတကား၊ မည်သည့်အရာမှ မမြဲပါတကား၊ အနိစ္စပါတကား စသည်ဖြင့် တရားတော်ကို နှလုံးသွင်းကာ ကျန်ရစ်နေရှာကြကုန်၏။

"မင်းလတ်"လည်း စုန်မြဲတိုင်းစုန်၍လာခဲ့၏။ မြင်းခြံသို့ မိုးချုပ်မှ ရောက်လေသည်။ မြင်းခြံ၌ တစ်ညအမောဖြေ၏။ ခရီးဆက်လက်၍ သွားမည့်သူတို့အနက်လည်း မြို့ပေါ်သို့တက်၍ လည်လိုလည်၊ မြင်းခြံရှိ အသိမိတ်ဆွေတို့ကလည်း ဆင်းလာပြီးလျှင် နှုတ်ခွန်းဆက်ကြသည်လည်းမရှား၊ ညဉ့်နက်လျှင် အိပ်ကြပြန်၏။

နံနက်မိုးမလင်းမီ မြင်းခြံမှ ထွက်၍လာခဲ့ပြန်၏။ နေ့ခင်းတွင် ညောင်ဦးသို့ရောက်၏။ ညောင်ဦးရောက်သည်မှ ပုဂံလွန်သည့် တိုင်အောင် မိုင်ပေါင်း လေး၊ ငါးမိုင်ခန့်ရှိ၏။ သင်္ဘောပေါ်မှနေ၍ ဖူးရသော စေတီတော်ပုထိုးတော်တို့ကား မရေတွက်နိုင်ပြီ။ ဖရိုဖရဲ ပြိုကွဲပျက်စီးနေကြသည်လည်းရှိ၏။ အစိုးရကျောက်စာဌာနမှ ပြုပြင်ထားသည်တို့လည်းမရှား။

အနော်ရထာ၊ ကျန်စစ်သားတို့ တည်ထားခဲ့သော ရွှေစည်းခုံစေတီတော်မြတ်မှစ၍ များစွာလှသော စေတီပုထိုးတို့ကို ဖူးမြော်၍ မကုန်နိုင်အရှုံးပေးရ၏။ သည်မှာကား အာနန္ဒာ၊ ထိုမှာကား ရွှေဂူကြီး၊ ထိုအနီးကား သဗ္ဗညု၊ ထိုရှေ့ကား စူဠာမဏိ၊ ထိုကွေ့တွင်ကား လောကနန္ဒာ၊ ထိုထိုသော ဘုရားတို့ကား ဓမ္မရံကြီး၊ ဓမ္မရာဇက၊ မင်္ဂလာစေတီ အစရှိသဖြင့် များလှထွေထွေ ရေတွက်၍ပင် မကုန်နိုင်။

ထိုထိုတစ်ဝိုက်တွင် ထီးကြီး၊ နန်းကြီး၊ ပြကြီးတို့ ထွန်းကားခဲ့ပေပြီ။ ကာလကြာလျှင် ထိုထိုတစ်ဝိုက်မှာပင် ထိုထီးကြီး၊ နန်းကြီး၊ မြို့ကြီးတို့ ပျက်စီးယိုယွင်းခဲ့ကြပေပြီ။

ထိုပုဂံကမ်းပေါ်တွင် မားမားစွင့်စွင့် မြင့်မြင့်စောက်စောက် ကျောက်အုတ်တို့ဖြင့်ပြီးသော စေတီပုထိုးတို့ကား ကူးတို့သင်္ဘောကလေး ဖြတ်၍သွားသည်ကို အမှုမထား၊ ဣန္ဒြေသိက္ခာတော် ကြီးမားစွာနှင့် တည်နေတော်မူကြကုန်၏။ ထိုစေတီပုထိုးတော်ကြီးတို့ကား ပုဂံပြည်ကြီး စည်ကားကြီးကျယ်သည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ ထို့နောက် တရုတ်ပြေးမင်းလက်ထက် တရုတ်စစ်တပ်ကြီး ချီတက်လာသည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ ထိုတရုတ်စစ်ကို ခုခံကာကွယ်ရန် မိမိတို့နှင့်အတူ တည်ထားခဲ့သော စေတီပုထိုးတော်တို့ကို ဖျက်ဆီး၍ မြို့ခံတပ်ကြီး တည်လုပ်သည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ မိမိနှင့်ဖွားဖက်ဖြစ်ကြကုန်သော စေတီပုထိုးတော်များ မိုးလေဝသအတွက် ပျက်စီးကုန်ကြသည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ မိမိတို့သာလျှင် ကျန်ရစ်တော့၏။ မိမိတို့ကိုယ်တိုင်လည်း အမြဲတည်မည်မဟုတ်။ တစ်နေ့နေ့၌ ပျက်စီးရပေဦးမည်။ မိမိတို့သာမဟုတ် လောကတွင် မြင်မြင်သမျှ လူသူ သတ္တဝါ အရာဝတ္ထုတို့လည်း ပျက်စီးကြရမည်သာတည်းဟူ၍ မဆိုကြသော်လည်း ဆိုတော်မူကြဘိသို့ မတုန်မလှုပ်ကျန်ရစ်ရှာတော်မူကြကုန်၏။

သင်္ဘောလည်း တစ်နေ့ပတ်လုံး စုန်မြဲတိုင်း စုန်၍လာခဲ့၏။ နေမင်းလည်း ညနေ ခြောက်နာရီအချိန်ရောက်လျှင် နီသောအရောင်တို့ကို လွှတ်၏။ ထိုနီသောအရောင်တို့ကား ဧရာဝတီမြစ်ကြောပေါ်သို့ ကျလျှင်မြစ်တစ်မြစ်လုံး နီနီရဲရဲကြီး နေပေ၏။ စိတ်ကြည်နူးဖွယ်ကောင်းလှပေ၏။ အတန်ကြာလျှင် နေမင်းသည် အနောက်ရိုးမတောင်ကြားသို့ ဝင်၍သွား၏။ အလင်းရောင်သည် ပျောက်၍သွား၏။ ဧရာဝတီမြစ်ကြီးလည်း နီရာမှ ဝါ၊ ဝါရာမှ ခရမ်းရောင်၊ ခရမ်းရောင်မှ အပြာ၊ အပြာမှ အနက်ရောင်သို့ ကူးပြောင်း၍ သွားတော့သတည်း။ သင်္ဘော၌ မီးထွန်းကြရ၏။

အတန်ကြာလျှင် ခပ်လှမ်းလှမ်းမှ ထိန်ထိန်လင်းလင်း ဝင်းဝင်းပြောင်ပြောင် ဓာတ်မီးရောင်တို့ကို မြင်ရလေသည်။ အံ့သြကာ လှမ်း၍ကြည့်ကြ၏။ တစ်ယောက်ကိုတစ်ယောက် မေးမြန်းကြကုန်၏။ ထိုတဝင်းဝင်း တပြောင်ပြောင်နှင့် နေသောနေရာကား ရေနံချောင်းမြို့ပေတည်း။ အဝေးကမြင်ရလျှင် သာကသာယာပါဘိ၊ ရှုချင်ဖွယ်ကောင်းလှပေ၏။

မကြာမီ ရေနံချောင်းဆိပ်ကမ်း၌ သင်္ဘောဆိုက်၏။ အချိန်မရှိတော့သဖြင့် ထိုနေရာမှာပင် တစ်ည စခန်းချရပြန်၏။ မြင်းခြံမှာတုန်းကကဲ့သို့ပင် ဆင်းသူက ဆင်း၊ တက်သူက တက်၊ နှုတ်ဆက်လာသူတွေကလည်း မရှား။ နံနက်စောစော ရေနံချောင်းမှ ထွက်လာပြီးလျှင် မကွေး၊ မင်းဘူး အစရှိသော ဆိပ်ကမ်းတို့တွင် အစဉ်အတိုင်း ဆိုက်ကပ်၍လာခဲ့၏။

သင်္ဘောအတွင်း၌ ပါလာသူတို့ကား မိမိတို့ ရောက်လိုရာအရပ်၊ မိမိတို့ ကိစ္စအမျိုးမျိုး၊ ဆွေမျိုးအပေါင်းတို့၏ အကြောင်းများကိုသာ ပြောဆို၍ လာကြကုန်၏။ စိတ်ကူး၍ လာကြကုန်၏။

အချို့မှာ အိပ်လျက်၊ အချို့ကား သားကလေး၊ သမီးကလေးတို့ကို ချော့နေ၊ ထမင်းဆိုင်တွင် ထမင်းဝယ်၍ စားလာသူ လေးယောက်တို့မှာ တိုင်းရေး ပြည်ရေး၊ ဆန်ရေး စပါးရေးတို့ကို ပြောကြားဆွေးနွေး၍ လာကြကုန်၏။ ထိုသူတို့အနား ပက်လက်ကုလားထိုင်ပေါ်တွင် ပိုးသင်္ကန်းဖြင့် ဦးခေါင်းတော်ကိုအုပ်ကာ ကျိန်းနေရှာသော ဦးပဥ္စင်းကား အိပ်ပင်ပျော်နေသလော။ ထိုလူလေးယောက်၏ တိုင်းရေးပြည်ရေးအကြောင်းကိုပင် နားစွင့်ကာ ထောင်နေပါသလော။


ထိုပိုးသင်္ကန်းကိုယ်တော်၏အနီး ကော်ဇောပေါ်၌ သီတင်းသုံးတော်မူသော ကိုယ်တော် ဦးပဥ္စင်းကလေးကား ဒဂုန်မဂ္ဂဇင်းတွင် ပါသော ဝတ္ထုတစ်ပုဒ်ကို မြိန်ရှက်စွာ ဖတ်၍ နေရှာတော်မူ၏။ ထိုကိုယ်တော်နှစ်ပါး၏ အနားတွင်ကား အဘိုးကြီးနှစ်ယောက် ဓားပြမှုအကြောင်းပြောကြား၍ နေကြလေသည်။ သူတို့နှစ်ယောက်နှင့်ကပ်နေသော လူခပ်လတ်လတ် ခပ်ဝဝမှာကား မည်သူ့ကိုမျှ ဂရုမစိုက်၊ မည်သူ့စကားကိုမျှ အရေးမလုပ်၊ စာရင်းစာအုပ်တစ်အုပ်အထဲတွင် ရေးသားထားသော စာရင်းများကိုသာလျှင် ရှင်းလင်း၍နေ၏။

ထိုလူ၏နောက်ဘက်တွင် အလွန်တရာမှ ညစ်ထေးလှစွာသော လင်မယားနှစ်ယောက်သည်ကား ဖက်ဖြူလိပ် တစ်လိပ်စီဖွာကာ စကားမပြော၊ ဆေးလိပ်၏ အရသာကို ခံနေရှာကြကုန်၏။ အနားတွင်ကား သုံးလေးနှစ်၊ လေးငါးနှစ်အရွယ် သားကလေး၊ သမီးကလေး သုံးယောက်မှာ ထမင်းအိုးတစ်လုံးမှ ထမင်းကျန်များကို လုယက်ကာ စားသောက်နေကြကုန်၏။ သူတို့ရှေ့နား အဝတ်သစ် အစားသစ်နှင့် သင်ဖြူးပေါ်တွင် ထိုင်နေသူကား သူရိယသတင်းစာကို ခပ်ကျယ်ကျယ်ကြီး ဖတ်လျက်နေလေတော့သတည်း။ ။

၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာ၊ ဂန္ထလောက။

ဝတ္ထုတို

## ပိုင်ပိုင်




**အခန်း(၁)**

"တကယ်ပါဆရာ.... ကျွန်တော့် မိန်းမကိုချစ်တဲ့စိတ်နဲ့ တစ်ခါမှမနမ်း ဘူးတာ တကယ်ပါ"

"ဟာ...ဟေ့လူ..တော်..တော်။ ခင်ဗျား မူးနေပြီလား။ မဟုတ်တာက စပြောပြီ။ ဒါဆိုရင် ဝင်းဝါနုရဲ့စုဘူးကြီးက ဘယ်က ရောက်လာတာလဲ"

"ဒါက ဒီလိုရှိတယ်လေ ...ရေစီးဖို့ မြောင်းရှိနေတယ်။ ခြေဆေးဖို့ အိုင်ကြည် နေတယ်။ တိမ်းညွတ်သွားတဲ့ ကျွန်တော့် စိတ်က ခန္ဓာကိုယ်ကို သယ်ဆောင်သွား တယ်"

"ကဲပါဗျာ။ ထားလိုက်ပါတော့။ ချစ်တာမချစ်တာတွေက ဘဝတစ်ခု တည်ဆောက်ပြီးချိန်မှာ မလိုအပ်တော့ ပါဘူး။ မွေးလာမဲ့ရင်သွေးလေးနဲ့ ဝင်းဝါနု ကိုသာ ဂရုစိုက်ကြင်နာလိုက်ပါ။ မိသားစု လေးနဲ့ ခင်ဗျားပျော်ရွှင်ရမှာပါဗျာ"

ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ဝါနုလိုချင်တာလည်း အစ်ကို့ရဲ့ ဂရုစိုက် ကြင်နာမှုပါ။ ဆတ်ကနဲလှုပ်သွားတဲ့ ဗိုက်ထဲကသားလေးကလည်း ဝါနုဆန္ဒ ကိုထောက်ခံလိုက်သလိုပါပဲ။

အစ်ကို့ ဆရာလာမယ်။ အိမ်မှာပဲ ဧည့်ခံမယ်။ အမြည်းနဲ့ ဝီစကီ၊ ဆော်ဒါ အစုံလုပ်ခိုင်းပြီး ဝါနုကို အိမ်ရှေ့အိမ်ကို အလည်သွားနေဆိုတဲ့စကားအရ ဝါနု အိမ်လည်သွားနေခဲ့တာပါ။ ဗိုက်ထဲက ရစ်ရစ်နာလာလို့ အိမ်ကိုပြန်လာတာ။ အစ်ကိုနဲ့ ဆရာ ပြောနေတဲ့စကားကို ခိုးနားထောင်တာမဟုတ်ပေမယ့် အစ်ကို စပြောတဲ့စကားကြောင့် ဝါနုမတ်တပ် မေ့သလို အိမ်ထဲမဝင်မိဘဲ ရပ်နားထောင်ခဲ့ မိခြင်းပါ။

အစ်ကိုက ခုထိဝါနုကို မချစ်ဘူးဆိုတာ ပိုသေချာသွားတဲ့ အစ်ကို့ရဲ့ရင်ဖွင့်နေတဲ့ စကားက ကြွေပန်းအိုးလေးလို ဖြူစင်ပြီး အထိခိုက်မခံနိုင်တဲ့ ဝါနုအသည်းကို ရိုက်ခွဲလိုက်သလိုပါပဲ။

အစ်ကိုပြောသည့်မှာ မှန်နေသည်ပဲ လေ။ မြောင်းလှလှလေးတူး။ ကန်ရေ ကြည်ကြည်လေးဖြစ်နေအောင် ဝါနု ဖန်တီးခဲ့သည်ပဲ။

ဝါနုရဲ့ အချစ်လွန်ခြင်းတွေကြား အစ်ကိုတိမ်းညွတ်သွားခဲ့တာ အစ်ကို မမှားခဲ့ပါဘူး။ ဝါနုလည်းမမှားဘူး။ ကိုယ် ချစ်တဲ့သူကို ရအောင်သိမ်းပိုက်နိုင်ခဲ့ပြီ လေ။ အစ်ကိုရဲ့ချစ်စိတ်မရလည်း အစ်ကို့ ရင်သွေးကိုလွယ်ထားနိုင်ပြီ။ ဝင်းဝါနုက လက်ထောက်အင်ဂျင်နီယာ ဦးမြတ်မောင် ရဲ့တရားဝင်ဇနီးဆိုတာ တစ်တိုင်းပြည် လုံးကို ကြော်ငြာပြီးသားလေ။

**အခန်း(၂)**

"အား...ကျွတ်..ကျွတ်"

ဗိုက်က ပိုနာလာတော့ လက်နဲ့ အသာမပြီး အိမ်ထဲဝင်လာတဲ့ ဝါနုကို မြင်တော့ အစ်ကိုပျာယာခတ်စွာနဲ့...

"ဟာ...ဝါနု..ဗိုက်နာတာလား.."

ဝါနု ခေါင်းညိမ့်ပြလိုက်တော့..

"ဆရာ..လုပ်ပါဦး။ ဆရာ့ကားနဲ့ ဆေးရုံလိုက်ပို့ပါ"

"ဟယ်လို...အမေ..ဝါနု ဗိုက်နာနေပြီ။ လိုအပ်တာတွေယူပြီး ဆေးရုံလိုက်ခဲ့နော်။ ဝါနုကို ကူညီဖို့ ဒေါ်ညိုရောခေါ်ခဲ့။ ခုနော် အမေ..မြန်မြန်လာ"

ခုဏလေးတင် အစ်ကို့စကားလုံးနဲ့ ရိုက်ခွဲထားလို့ ကွဲသွားတဲ့ ဝါနုအသည်းကို မေတ္တာနှောင်ကြိုးလေးနဲ့ ပြန်ဆက်နိုင်ခဲ့ ပါပြီ။

သားလေးကို အောင်မြင်စွာ ခွဲစိတ် မွေးဖွားနိုင်ခဲ့ပါတယ်။ ရုံးမတက်ဘဲ ဆေးရုံ မှာ သားလေးကိုချစ်မဝဖြစ်နေတဲ့ အစ်ကို့ ကို ဝါနုလည်းချစ်လို့မဝပါဘူး။

"ဖြူဖြူဝဝမြေးလေးက အမေ့သား အငယ်ကနဲ့ တစ်ပုံစံထဲတူတာ။ ငါ့သမီး တော်တယ်အေ.."ဆိုတဲ့ အစ်ကို့အမေရဲ့ စကားက ဝါနုအတွက် တန်ဖိုးဖြတ်မရနိုင် ပါ။

ဝါနုနဲ့သားလေးကို ဂရုစိုက်ကြင်နာ ပေးလို့ အစ်ကို့ကို ကျေးဇူးတင်စွာ ဝါနု ပိုချစ်နေပါတယ်။

**အခန်း(၃)**

"ဖေ့ သားကြီး...ဖေ့ကိုချစ်လား.."

"မေမေ့ကိုချစ်တာ"

"ဟာကွာ...ဖေဖေက မေးတာလေ.. ဖေဖေ့ကို ချစ်လားလို့"

"မေမေ့ကို ချစ်တာပါဆို"

"သား...ဖေဖေ့ကိုလည်း ချစ်တယ် ပြောလိုက်လေ။ မေမေဆိုရင် သားဖေဖေ ကိုချစ်လိုက်တာမှ ဟိုးကတည်းက။ ခုဆို ပိုချစ်သေးတယ်။ ပြောလိုက်ပါ သားရယ်.. ဖေဖေ့ကိုချစ်တယ်လို့"

"ဖေဖေ့ကို ချစ်တယ်။ ဖေဖေကရော မေမေ့ကို ချစ်လား"

"ကဲ..ဖေဖေ ရုံးသွားတော့မယ်"

ဝါနုအသည်း ဖြတ်ကနဲပြန်ကွဲသွား ပါတယ်။ စကားလွှဲပြီး ထထွက်သွားတဲ့ အဖေကို သုံးနှစ်အရွယ်သားက နားလည် မှာ မဟုတ်ပါဘူး။

သားလေးကို ခပ်တင်းတင်းဖက်ပြီး မျက်ရည်မကျမိအောင် ဝါနုထိန်းလိုက် နိုင်ပါတယ်။

**အခန်း(၄)**

အစ်ကို မူပျက်နေတာ သိသိသာသာ။ ဝါနုအနားကို မကပ်တာလည်း အတော် ကြာပါပြီ။ အစ်ကိုအိပ်ပျော်သွားမှ ဝါနု ခိုးခိုးနမ်းမိတာ မရှက်ပါဘူး။

အရင်ကဆိုရင် ရုံးပိတ်ရက်တွေမှာ သားနဲ့ကစားပေးတယ်။

ခုများတော့ ပိတ်ရက်ဆိုလည်း ကွန်ပျူတာရှေ့မှာ။ ဖုန်းပွတ်ရင်းနဲ့ အိပ်ရာထဲ။

သားလေးကိုရေချိုးပေး။ ထမင်းကျွေး ပြီး သိပ်ထားလိုက်ပါတယ်။

"အစ်ကို..ရေထချိုးတော့လေ။ ဝါနု ထမင်းပွဲပြင်ထားလိုက်မယ်နော်"

"အင်း..."

ဖုန်းကို ခုတင်ဘေးက စားပွဲပေါ်တင် ပြီး အစ်ကိုရေချိုးခန်းဝင်သွားပါတယ်။

ဝါနုလည်း ထမင်းပွဲပြင်ဖို့ အိပ်ခန်းက ထွက်မယ်အလုပ်မှာ အစ်ကို့ဖုန်းက မက်ဆေ့ဝင်သံကြားလို့ ဖွင့်ကြည့်မိပါ တယ်။

"ကိုကို...သဲကိုတွေ့မှ ကိုကို ချစ်တတ် တယ်ဆိုတာ တကယ်ကြီးနော်။ ကိုကို့ ကိုတွေ့ချင်တယ်။ သဲစောင့်နေမယ်"

ဖတ်လိုက်မိတဲ့ စာတိုလေးက ဝါနု အသည်းကို အစိတ်စိတ်အမြွှာမြွှာကွဲကြေ စေပြီ။

အစ်ကို ထမင်းကိုတိတ်ဆိတ်စွာ စားတယ်။ ပြီးတော့ အိပ်ခန်းထဲဝင်သွား တယ်။ ခဏကြာတော့...

"ဝါနု..ကို အပြင်သွားစရာ ကိစ္စပေါ် လာလို့ ညနေထမင်းစားမစောင့်နဲ့ အပြင် မှာစားခဲ့မှာမို့"

"ဟုတ်ကဲ့ အစ်ကို"

ဆိုင်ကယ်မောင်းပြီး ပေါ့ပေါ့ပါးပါး ထွက်သွားတဲ့ အစ်ကို့ကို မျက်စိတစ်ဆုံး ဝါနုကြည့်နေမိတယ်။

တားဆီးမရတဲ့ မျက်ရည်တွေက ပါးပြင်မှာ။

သဲဆိုတာ ဘယ်သူလဲ။ အစ်ကိုက သဲကိုချစ်တယ်တဲ့။ ဝါနုကိုမချစ်ဘူး။ အစ်ကို့အတွက် မြောင်းလှလှလေးလား။ အစ်ကို စီးဝင်တော့မှာလား။ ဝါနုဘာလုပ် ရမလဲ။ ဘယ်လိုတားဆီးရမလဲ။ ချစ်ခြင်း တရားက လုပ်ယူဖန်တီးလို့မရနိုင်လည်း မေတ္တာနှောင်ကြိုးလေးနဲ့ ထိန်းချုပ်ထား နိုင်ခွင့်ရှိရမယ်လေ။

အစ်ကိုနဲ့ သဲတို့ကိစ္စကို ဝါနုမစုံစမ်း ချင်ဘူး။ တစ်ယောက်ယောက်ကို မေးမြန်း စုံစမ်းမိရင် တစ်ယောက်ကနေ တစ်ရာ အစ်ကို့ သတင်းပျံ့နှံ့သွားလို့ မဖြစ်ဘူး။

ဆယ်တန်းမအောင်ခဲ့တဲ့ ဝါနု ဘာဆက်လုပ်သင့်သလဲ။ ပူထူနေတဲ့ အတွေးနဲ့ အစ်ကို့ကိုဆုံးရှုံးရမှာ ဝါနု သေလောက်အောင် ကြောက်မိနေပါတယ်။

ခရီးမထွက်ချင်လို့ တိုင်းရုံးမှာ ရုံးထိုင် စိစစ်ရေးတာဝန် ယူထားတာဆိုတဲ့ အစ်ကိုကခရီးထွက်စရာရှိတယ် ပြောလာ တော့ ထူးဆန်းပြီလေ။

မနက်ဖြန် အစ်ကိုခရီးထွက်ဖို့ လိုအပ် တာတွေ ပြင်ဆင်ပေးရင်း ဝါနုဆုတောင်း နေမိတာက အိုင်ရေကြည်ကြည်လေးမှာ အစ်ကိုပျော်ဝင်မသွားပါစေနဲ့။ အစ်ကို့ ဂုဏ်သိက္ခာမထိခိုက်ပါစေနဲ့။ ဝါနုကို မချစ်ချင်နေပါ။ သားလေးကို အပြည့်အဝ ချစ်ပေးပါ။ သားလေးအပေါ် အုပ်မိုးထား တဲ့ အစ်ကို့ရဲ့အရိပ်မှာ နေပျောက်မထိုး ပါစေနဲ့။

"အစ်ကို..စောစောအိပ်လိုက်လေ၊ မနက်ခရီးသွားဖို့ ဝါနုပြင်ပေးထားတယ် နော်"

"အင်း..."

"နောက်လဆိုရင် သားလေးငါးနှစ် ပြည့်ပြီနော်။ အစ်ကို ငါးနှစ်သားကတည်း က အစ်ကို့အဖေက နောက်အိမ်ထောင် ထူသွားလို့ မိဘတွေရဲ့အဆင်မပြေတဲ့ အိမ်ထောင်ရေးကြောင့် အစ်ကိုနာကျင် ခံစားခဲ့ရတာကိုမေ့မယ် မထင်ဘူးနော်"

ဝါနုကို ဖြတ်ကနဲကြည့်လိုက်တဲ့ အစ်ကို့မျက်ဝန်းမှာ အရိပ်တချို့ ပါဝင် နေပါတယ်။

"ဝါနုရဲ့သားလေးကိုတော့ ကံကောင်း စေချင်တယ်အစ်ကို။ သူ့နှလုံးသား နုနု လေးမှာ ဘယ်လိုနာကျင်ကြေကွဲခြင်းမျိုးမှ မခံစားစေချင်ဘူး။ ဝါနုဘုရားကန်တော့ လိုက်ဦးမယ်။ အစ်ကိုအိပ်နှင့်ပါနော်"

**အခန်း(၅)**

"ဟော...အစ်ကို စောစော နိုးသားပဲ။ အဆင်သင့်ပဲ အစ်ကို။ ပေါင်မုန့်မီးကင် ထောပတ်သုပ်။ ကြက်ဥပြုတ်လည်း ကျက်ပြီ။ သားလေးဖို့ ဝက်အူချောင်း လည်းကြော်ပြီးပြီ"

ထမင်းစားပွဲမှာ အစ်ကိုညင်သာစွာ ဝင်ထိုင်လိုက်ပါတယ်။

"ထမင်းဆီဆမ်းနဲ့ ကြက်သားကြော် လေး အရင်စားလိုက်အစ်ကို။ ခရီးသွား မှာဆိုတော့ ဗိုက်ပြည့်စေချင်လို့။ ပြီးမှ ပေါင်မုန့်နဲ့ ကြက်ဥပြုတ်လေးစား။ ကော်ဖီ လည်း နှပ်ထားပြီးသားနော်။ သားလေး နိုးပြီလား ဝါနုသွားကြည့်လိုက်ဦးမယ်"

ဝါနု အိပ်ခန်းထဲရောက်တော့ အိပ်ပျော်နေတဲ့သားလေးကို ကြည့်ပြီး သားလေးကံကောင်းပါစေ အကြိမ်ကြိမ် ဆုတောင်းနေမိပါတယ်။

"ဝါနုရေ..."

"လာပြီ..အစ်ကို"

အစ်ကို့ခေါ်သံကြောင့် မျက်ရည် ကိုသုတ်၊ ဘာမှမဖြစ်သလိုရုပ်နဲ့ ထမင်း စားခန်းထဲ အမြန်လာခဲ့ပါတယ်။

"သားလေးက အိပ်ကောင်းနေတုန်း။ အစ်ကိုစားပြီးပြီလား။ ကော်ဖီသောက် လိုက်ဦးလေ။ ATM ကတ်ယူသွားဖို့ မမေ့နဲ့ဦးနော်အစ်ကို။ ခရီးသွားရင်း ပိုက်ဆံလိုနေမှာစိုးလို့"

"စားလို့ကောင်းလိုက်တာ။ ဗိုက်ကို တင်းသွားတာပဲ။ ကျေးဇူးပါဝါနုရယ်။ အစ်ကို ခရီးသွားဖို့အစီအစဉ် ပျက်သွားပြီ။ သားလေးနားသွားပြီး ခဏလောက်ပြန် နှပ်လိုက်ဦးမယ်"

ပြောပြီးထသွားတဲ့အစ်ကို့ ကျောပြင် ကိုငေးရင်း စီးကျလာတဲ့ ဝါနုပါးပြင်က မျက်ရည်တွေက နွေးထွေးလွန်းလှပါ တယ်။ ။

## မျိုးဆက်သစ်ပျိုးခင်း ကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့ တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေး အချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူး ပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူ နိုင်ပါသည်။

**စာတည်းအဖွဲ့**

## မိမိကိုယ်ကို မြှင့်တင်လို

မိမိကိုယ်ကို အရည်အသွေး
မြှင့်တင်ပေး အားထုတ်ရန်။
အခြေခံ ဖွံ့လုံ့လနှင့်
ဝီရိယမှန်။
မဆုတ်မနစ် စိတ်ထက်သန်
အားနှင့်မာန် လုပ်ဆောင်သွား။
ရည်မှန်းရာ ခရီးလမ်းကိုလ
လျှောက်လှမ်းစို့လား။
ဉာဏ်ရည်ကို မြှင့်တင်ထား
စာပေများ ဖတ်မှတ်လေ။
အတွေးအခေါ် အယူအဆ
တိုးကြမှာပေ။
သုတရသ အထွေထွေ
ခေတ်အမြင်တွေ မျက်ခြည်မပြတ်။
အမြင်ကျယ်ရင် အခက်ခဲများကိုလ
ကျော်လွှားနိုင်မှတ်။
ဘဝကို ဂုဏ်ရောင်တက်ဖို့
လိုအပ်လျက် အသိပညာ။
အတတ်ပညာရယ် ပေါင်းစပ်မိမှ
အကျိုးရှိမှာ။
လေ့လာလျက် လိုက်စားပါ
တိုးတက်ရာ ဘဝအရေး။
မိမိကိုယ်ကို မြှင့်တင်သွားလို့
ကြိုးစားကြလေး။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

## ရှောင်လေဝေးဝေး မူးယစ်ဆေး

မူးယစ်ဆေးဝါး အန္တရာယ်
ဝိုင်းဝန်းလို့ကာကွယ်။
တိုက်ဖျက်ကြမယ် တို့အများ
ညီညာစုပေါင်းအား။
သတိထားလို့ ဆင်ခြင်ကာ
လေ့လာကြည့်ကြပါ။
ကြော်ငြာမက်ဖွယ်ရာ မူးယစ်ဆေး
ရလဒ်ဆိုးတွေပေး။
ရှောင်လေဝေးဝေး ဉာဏ်နဲ့ယှဉ်
ကွမ်းယာ၊ ဆေးလိပ်ပင်။
အစရှိလျှင် စွဲကာသွား
ရောဂါဆိုးတွေပွား။
မူးယစ်ဆေးဝါး သားကောင်တွေ
မဖြစ်စေဖို့လေ။
တို့လူငယ်တွေ သတိချပ်
လှပအနာဂတ်။ ။

သာကီနွယ်(ညောင်ရမ်း)

ဆောင်းပါး

# လူငယ်နှင့် သက်မွေးပညာ

## ဇင်မင်းစိုး (ဗိုလ်ကလေး)

လူ့လောကလူ့ဘဝတွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လူတိုင်း အလုပ်လုပ်ကြရမည်ဖြစ်သည်။ မိမိကျွမ်းကျင်ပိုင်နိုင်ရာ အလုပ်အကိုင်တစ်ခုကို သင်ယူတတ်မြောက်ကြရပြီး အသက်မွေးဝမ်းကျောင်းပြုကြရလေသည်။ ထို့ကြောင့် ငယ်စဉ်အခါကပင် သက်မွေးပညာများ သင်ယူကြရလေသည်။

လူငယ်လူရွယ်များသည် အခြေခံပညာပြီးဆုံးသည်နှင့် အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူကြရလေသည်။ အဆင့်မြင့်ပညာများတွင် အသက်မွေးဝမ်းကျောင်းပညာများ ပါဝင်လေသည်။ ဆေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များတွင် အသက်မွေးဝမ်းကျောင်းပညာများကိုလည်း ဆက်လက်သင်ယူကြရပြီး ပညာသင်ယူပြီးဆုံးပါက လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်ကာ မိမိဘဝကို အစပြုရုန်းကန်လှုပ်ရှားကြရလေသည်။

### ပညာသင်ယူကြရ

အချို့သော လူငယ်လူရွယ်များအနေဖြင့် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် အတန်းပညာပြီးဆုံးအောင် မတက်ရောက်နိုင်ကြဘဲ မိမိအသက်မွေးဝမ်းကျောင်းပြုနိုင်မည့် အတတ်ပညာများကို ဆက်လက်သင်ယူကြရလေသည်။ ဖုန်းပြုပြင်ရေးသင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ၊ ကား၊ ဆိုင်ကယ်၊ အဲကွန်းပြုပြင်ရေးသင်တန်းများ တက်ရောက်ကြရပြီး ပညာသင်ယူကြရလေသည်။

နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်း၍လည်း သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းလည်း ရှိလေသည်။ ဆံသသင်တန်းများ၊ အလှပြုပြင်ရေးသင်တန်းများ၊ ဟင်းချက်ပြုတ်နည်း သင်တန်းများ၊ လျှပ်စစ်ဝရိန်ဆော်သင်တန်းများ၊ သံချည်သံကွေးသင်တန်းများ၊ အုတ်စီခြင်းသင်တန်းများ၊ စက်ချုပ်ပညာသင်တန်းများ၊ ရက်ကန်းလုပ်ငန်းသင်တန်းများကို ပို့ချသင်ကြားပေးလျက်ရှိရာ လူငယ်လူရွယ်မောင်မယ်များ တက်ရောက်သင်ကြားကြပြီး အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။

### စွန့်ဦးလုပ်ဆောင်ကြရန်လို

ငယ်စဉ်အခါ ပညာသင်ယူထားမှ လုပ်ငန်းကျွမ်းကျင်မှု အတွေ့အကြုံများနှင့် နောင်အချိန်တွင် အေးချမ်းစွာ နေကြရမည်ဖြစ်လေသည်။ ဤနေရာတွင် လူငယ်လူရွယ်များ အထူးသတိပြုရန်မှာ အရက်အကြောက်တရားများကို ပယ်ရှားရမည်ဖြစ်လေသည်။ 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ'ဟု ဆိုထားလေရာ မည်သည့်လုပ်ငန်းမဆို သိမ်ငယ်ခြင်းမရှိဘဲ ရဲဝံ့စွာ စွန့်ဦးလုပ်ဆောင်ကြရန် လိုလေသည်။

သေးသေးလေး စတင်လုပ်ဆောင်ခြင်းများကပင် နောင်တစ်ချိန် ကြီးပွားတိုးတက်အောင်မြင်ခြင်း၏ လမ်းစပင်ဖြစ်လေသည်။ ဆရာကြီးပီမိုးနင်းက အားလပ်သောအချိန်များကို ပုလဲလုံး၊ ပတ္တမြားလုံးများကဲ့သို့ တန်ဖိုးထားပြီး အလုပ်လုပ်ကြရန် လမ်းညွှန်မှာကြားထားလေသည်။ ကမ္ဘာကျော်သိပ္ပံပညာရှင် သောမတ်အယ်ဖာအက်ဒီဆင်သည် ငယ်စဉ်က မီးရထားတွဲများတွင် သတင်းစာရောင်းသည့်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရလေသည်။ နောင်တွင် လျှပ်စစ်မီးသီးမီးလုံးများ တီထွင်နိုင်သော သိပ္ပံပညာရှင်ကြီးဖြစ်ခဲ့လေသည်။ ထူးချွန်ထင်ရှား အောင်မြင်ခဲ့သော သိပ္ပံပညာရှင်များသည် ငယ်စဉ်က ခက်ခဲသောအလုပ်များကို လုပ်ဆောင်ရင်း ကြိုးစားခဲ့ကြရာမှ ထူးချွန်အောင်မြင်လာခဲ့ကြသူများ ဖြစ်လေသည်။

ကျွန်တော်နှင့်သိကျွမ်းခဲ့သော သူငယ်ချင်းအမျိုးသမီးတစ်ဦးသည် ရပ်ကွက်တိုင်း လမ်းတိုင်းရှိ ဈေးဆိုင်များတွင် ငွေစက္ကူအဟောင်းအနွမ်းများကို လိုက်လံဝယ်ယူသည့်အလုပ်ကို လုပ်လေသည်။ ငါးရာကျပ်တန် ငွေစက္ကူအပြဲအစုတ်ကို လေးရာကျပ်ဖြင့် ဝယ်လေသည်။ တစ်ထောင်ကျပ်တန် ငွေစက္ကူအပြဲအစုတ်ကို ကိုးရာကျပ်ဖြင့် ဝယ်ယူလေသည်။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် ငွေစက္ကူ အပြဲအစုတ်များ လိုက်လံဝယ်ယူပြီး ပြန်လည်ပြုပြင်၍ ဘဏ်များတွင် လဲလှယ်ရလေသည်။ ဝယ်ယူရရှိလာသော ငွေစက္ကူအဟောင်းအနွမ်းများကို ပြုပြင်ဖာထေး၍ ဘဏ်တွင် ပြန်လည်သွင်းရာ တန်ဖိုးအတိုင်း ငွေအပြည့်ရသဖြင့် အမြတ်အစွန်းရလေသည်။ ထိုအလုပ်ကို အခြားသူများက ရှက်ကြောက်သဖြင့် မလုပ်ရဲကြဟု ထိုသူငယ်ချင်းက ဆိုလေသည်။

'သမုဒ္ဒရာ ဝမ်းတစ်ထွာ၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွ' ဟူသော စိတ်ထားဖြင့် လုပ်ကြရသည်သာ ဖြစ်လေသည်။ အဆောက်အအုံဆေးသုတ်သူများသည် သူ၏ဆေးသုတ်ခြင်း အတတ်ပညာဖြင့် တိုက်တာအဆောက်အအုံများကို အလှဆင်ကြလေသည်။ မည်သည့်အလုပ်မဆို အတတ်ပညာများ ပါဝင်ကြစမြဲပင်။ ထိုအတတ်ပညာများကို အသက်မွေးဝမ်းကျောင်းပညာများဟု သတ်မှတ်ကြလေသည်။ ထိုအတတ်ပညာများကို ကျွမ်းကျင်သူဆရာများထံတွင် သင်ယူကြရလေသည်။

### ပညာရပ်ဖြင့် အသက်မွေးနိုင်

လက်မှုလုပ်ငန်းများဖြစ်သော ပန်းအလှပြင်ခြင်း၊ ဇာထိုးခြင်း၊ ပန်းဆယ်မျိုးအတတ်ပညာများသည်လည်း အသက်မွေးဝမ်းကျောင်းပညာများဖြစ်လေသည်။ 'ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး'ဟူသည့်အတိုင်း တတ်မြောက်ထားသော ပညာရပ်များသည် ဘယ်သောအခါမျှ ပျောက်ပျက်သွားသည်မဟုတ်ဘဲ မိမိဘဝတစ်သက်တာအတွင်း ထိုအသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် အသက်မွေးနိုင်လေသည်။

လူငယ်လူရွယ်များသည် မိမိတို့ငယ်စဉ်ကပင် အလုပ်အကိုင်တစ်ခုခုကို အထောက်အကူပြုမည့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူထားသင့်ပေသည်။ နည်းပညာတိုးတက်လာသော ယနေ့ခေတ်တွင် ကွန်ပျူတာအတတ်ပညာသည် နယ်ပယ်အစုံတွင် အရေးပါလာလေသည်။ ထို့ကြောင့် လူငယ်အများစု သင်ယူထားသင့်ပေသည်။ အလုပ်အကိုင်ခေါ်ယူရာတွင် သတ်မှတ်အရည်အချင်းများ ထည့်သွင်းခေါ်ယူလေ့ရှိသည်။ ဘယ်အလုပ်မဆို အတတ်ပညာတစ်ခုခု တတ်မြောက်နေမှ လုပ်ငန်းလုပ်ကိုင်အဆင်ပြေနိုင်မည်ဖြစ်လေသည်။

> **လူငယ်လူရွယ်များသည် မိမိတို့ငယ်စဉ်ကပင် အလုပ်အကိုင်တစ်ခုခုကို အထောက်အကူပြုမည့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူထားသင့်ပေသည်။ နည်းပညာတိုးတက်လာသော ယနေ့ခေတ်တွင် ကွန်ပျူတာအတတ်ပညာသည် နယ်ပယ်အစုံတွင် အရေးပါလာလေသည်။ ထို့ကြောင့် လူငယ်အများစု သင်ယူထားသင့်ပေသည်။ အလုပ်အကိုင်ခေါ်ယူရာတွင် သတ်မှတ်အရည်အချင်းများ ထည့်သွင်းခေါ်ယူလေ့ရှိသည်။ ဘယ်အလုပ်မဆို အတတ်ပညာတစ်ခုခု တတ်မြောက်နေမှ လုပ်ငန်းလုပ်ကိုင် အဆင်ပြေနိုင်မည် ဖြစ်လေသည်**

### အောင်မြင်မှုလမ်းနှင့် အနီးဆုံး

ထို့အပြင် လူငယ်လူရွယ်များသည် မိမိ၏အနာဂတ်ရည်မှန်းချက်ပြည့်ဝစေရေးအတွက် လူမှုဆက်ဆံရေးနှင့် ရွှင်လန်းတက်ကြွနေစေရေးမှာ အရေးကြီးလေသည်။ မည်သည့်အလုပ်မဆို သင်ယူလိုသော စိတ်ဆန္ဒဖြင့် ဆောင်ရွက်ခြင်းသည် အောင်မြင်မှုလမ်းနှင့် အနီးဆုံးဖြစ်လေသည်။

လုပ်ငန်းခွင်အတွင်း အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာစားခြင်းတို့ကို သတိပြုရှောင်ရှားသင့်ပေသည်။ အဆိုပါအရာများသည် မိမိအနာဂတ်အတွက်သာမက မိမိ၏ ကျန်းမာရေးကိုပါ ထိခိုက်နိုင်လေသည်။

ဘဝအောင်မြင်ရေးကို ရှာဖွေနေသော လူငယ်လူရွယ်များသည် 'ရိုးရိုးကျင့်မြင့်မြင့်ကြံ'ကာ ဘဝတက်လမ်းကို ရှာဖွေနိုင်ကြလေသည်။ လှေကားသည် အမြင့်တက်ရန်အတွက် အကူကိရိယာဖြစ်လေသည်။ လူငယ်လူရွယ်များ၏ ဘဝအောင်မြင်ရေးအမြင့်သို့ တက်လှမ်းရန်မှာ လှေကားနှင့်တူသော 'အသက်မွေးဝမ်းကျောင်းပညာရပ်'ပင် ဖြစ်လေသည်။ ထိုအသက်မွေးဝမ်းကျောင်း လှေကားကို ယခုကတည်းက ခိုင်ခံ့တောင့်တင်းမှုရှိအောင် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားတည်ဆောက်ထားမှ ဘဝအောင်မြင်ရေးပန်းတိုင်ကို မုချလျှောက်လှမ်းနိုင်မည်ဖြစ်လေသည်။

ထို့ကြောင့် လူငယ်လူရွယ်များအနေဖြင့် ငယ်ရွယ်စဉ်ကာလအတွင်း ဘဝတစ်သက်တာရှင်သန်ရပ်တည်နိုင်ရေးအတွက် သက်မွေးပညာများကို ယခုကတည်းက သင်ယူကြိုးစားသင့်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ပါသည်။ ။

## မြူနှင်းရည်စို လပြာသို

နှင်းမှုန်လေးတွေ မြေသို့ကြွေ
ဆောင်းဟေမာန်တဲ့လေ။
ပန်းပွင့်လေးတွေ လိပ်ပြာနား
ဝတ်မှုန်ကူးလို့ဖွား။
သဇင်ပန်းများ ပင်ယံဆီ
မွှေးပျံ့သင်းထုံကြည်။
မြောက်လေပြေညီလာ ဟေမာန်ဦး
ကျေးငှက်လေးတွေမြူး။
အလှထူးတဲ့ လပြာသို
ပွင့်ကြပန်းခွာညို။
မြင်းခင်းပွဲကို နှစ်စဉ်အမြဲ
ကျင်းပဆင်ယင်နွှဲ။
ပေါက်လဲပင်များ ရဲရဲနီ
အားမာန်ဝင့်လို့ချီ။
ဟေမာန်ရာသီ နှင်းဖွေးဖွေး
ပန်းပေါင်းစုံလင်မွှေး။ ။

မင်းဝေအောင်(ရဲကျွန်း)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၇၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၅,၄၁၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၇၁၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၄၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## ရွှေမင်းဝံသာသနာ့ရိပ်သာ တိုးချဲ့ဆွမ်းစားဆောင် ဆောက်လုပ်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ တိုးချဲ့ဆွမ်းစားဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မဟာစည်သြဝါဒါစရိယ ရွှေမင်းဝံသာသနာ့ရိပ်သာများ၏ ပဓာနမဟာနာယက မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ Ph.D (Social Science) ပြည်တွင်းပြည်ပ သာသနာပြု ရွှေမင်းဝံဆရာတော် ဒေါက်တာဘဒ္ဒန္တသောဘနထံမှ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေမင်းဝံဆရာတော်ကြီးအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ အလှူရှင်များဖြစ်ကြသည့် ရာသက်ပန်ဆွမ်းအလှူရှင် ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီဘယဆေး)မိသားစုက ရွှေမင်းဝံသာသနာ့ရိပ်သာ တိုးချဲ့ဆွမ်းစားဆောင်ဆောက်လုပ်ခြင်း၊ ရွှေမင်းဝံအဘိုးအဘွားရိပ်သာအတွက် တစ်နေ့တာဆွမ်းကပ်လှူဒါန်းခြင်း၊ ဖားအောက်တောရ၌ သံဃာတော် ၄၀၀ ကျော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအတွက် အလှူငွေကျပ် ၁၀၀၀၈၀၀၀၀ ကို လည်းကောင်း၊ ရွှေမင်းဝံသာသနာ့ရိပ်သာ တိုးချဲ့ဆွမ်းစားဆောင်ဆောက်လုပ်ရန်အတွက် အလှူရှင် ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစု)က အလှူငွေကျပ် ၁၀၀၈၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းအကျိုးတော်ဆောင်များက လက်ခံရယူကြသည်။

မြို့နယ်(ပြန်/ဆက်)

## အထက(ငပုတော)တွင် လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

ငပုတော ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေပြီး အသိပညာ ဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန အထက (ငပုတော)တို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက နဝရတ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်လင်းက လူငယ်စကားဝိုင်းများ ကျင်းပနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုရီက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အထက (ငပုတော)မှ ကျောင်းသား ကျောင်းသူများဖြစ်သည့် Grade-10 မှ မောင်အံ့ဘုန်းဘ က လူငယ်နှင့်စာရိတ္တ၊ Grade-10 မှ မောင်ဇွဲမြတ်ပြည့်စုံက လူငယ်နှင့်အားကစား၊ Grade-10 မှ မောင်တင်ထူးနိုင်က လူငယ်နှင့် နည်းပညာ၊ Grade-10 မှ မအိမ့်ကြည်ဖြူမင်းက လူငယ်နှင့် ယဉ်ကျေးမှု၊ Grade-11 မှ မမြတ်ဖူးဝေက လူငယ်နှင့် ကျန်းမာရေး၊ Grade-10 မှ မခင်စံပယ်ကိုကိုက လူငယ်နှင့်စာပေ စသည့် ခေါင်းစဉ်များဖြင့် စကားဝိုင်းဖွဲ့ ဦးဆောင်ဆွေးနွေးခဲ့ပြီး အထက (ငပုတော)မှ အထက်တန်းပြဆရာ ဦးကိုကိုဦးက ခေါင်းစဉ်အသီးသီးနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးပေးသည့် ကျောင်းသားကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပစေရေး စုပေါင်းအမှိုက်ကောက်

ချောင်းသာ ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့ နံနက် ၈ နာရီက မြို့အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟိုတယ်ဇုန်များမှ ဝန်ထမ်းများ ပူးပေါင်း၍ စုပေါင်းအမှိုက်ကောက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်မှုဖြင့် စုစုပေါင်း အင်အား ၂၀၀ ကျော်က ကမ်းခြေတစ်လျှောက် ဒီရေကြောင့်တင်ကျန်သည့်အမှိုက်များနှင့် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ ကောက်ယူခြင်း၊ ကမ်းခြေအား ပျက်စီးစေနိုင်သည့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။




ချောင်းသာ(ပြန်/ဆက်)

**မြန်မာ့ပင်လယ်ပြင်**

နေပြည်တော် ဇန်နဝါရီ ၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## ကိုယ်တွေ့ ကမ္ဘာ့အံ့ဖွယ်နေရာ ၃၀

စာရေးသူ ဒေါက်တာတင်ထွန်းဦး စီစဉ်ရေးသားသည့် ကိုယ်တွေ့ အံ့ဖွယ်နေရာ ၃၀ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူကိုယ်တိုင်ရောက်ရှိတွေ့မြင်လေ့လာခဲ့သော ကမ္ဘာတစ်လွှားမှ ထူးခြားဆန်းကြယ် အံ့ဖွယ်နေရာများအနက် ထင်ရှားကျော်ကြား၍ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကမ္ဘာ့အံ့ဖွယ်နေရာ ၃၀ ကို ရွေးချယ်စုစည်းပြီး စာရေးသူ၏ အုပ် ၃၀ မြောက် လုံချင်းစာအုပ်သစ်အဖြစ် ရေးသားပြုစုထားသည်။ နိုင်ငံပေါင်း ၇၀သို့ ရောက်ခဲ့ပြီးဖြစ်သည့် စာရေးသူသည် ကမ္ဘာ့အံ့ဖွယ်နေရာအတော်များများသို့ သွားရောက်ပြီး ယင်းတို့အနက်မှ ကိုယ်တိုင်ရောက်ရှိမြင်တွေ့ခဲ့ရသည့် စိတ်ဝင်စားဖွယ်အကောင်းဆုံး အံ့ဖွယ်နေရာ ၅၀ခန့်ကို ရေးသားပြုစုထားခဲ့ပြီးဖြစ်သည်။

စာအုပ်တွင် အီဂျစ်နိုင်ငံရှိ မဟာပိရမစ်ကြီးနှင့် ဆန်းကြယ်ထူးခြား ပိရမစ်များ၊ အိန္ဒိယနိုင်ငံရှိ ချစ်ခြင်းမေတ္တာသင်္ကေတ ဂူဗိမာန်အလှထာဝရ၊ တရုတ်နိုင်ငံရှိ မြေအောက်စစ်သည်တော် ၈၀၀၀ စုဝေးရာ၊ ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး ဘာသာရေးကျောင်းတော်ကြီး၊ သီရိလင်္ကာနိုင်ငံရှိ ကမ္ဘာ့အံ့ဖွယ် ရောမကျောက်တောင်ခံတပ်ကြီး၊ အီတလီနိုင်ငံရှိ ရောမအင်ပါယာ၏ အကြီးဆုံးပြိုင်ကွင်းကြီး၊ မြောက်အိုင်ယာလန်နိုင်ငံရှိ ဆန်းကြယ်သည့်သဘာဝနှင့် ကျောက်တိုင် ၄၀၀၀၀ ကျော် ဆုံစည်းရာ စသည့် ကမ္ဘာ့အံ့ဖွယ် ၃၀ ကိုရေးသားထားသည်။

**စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower ၊ အနော်ရထာလမ်း (၃၉-လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၃၈၅၂၉၃နှင့် ၀၁ ၈၃၉၂၇၃၉တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ဖြင့် ဖြန့်ချိသည်။**





## ဇမ္ဗူရစ်ရွှေကောက်ကြောင်း

စာရေးသူ ရာဟုလာ စီစဉ်ပူဇော်သည့် ဇမ္ဗူရစ်ရွှေကောက်ကြောင်း စာအုပ် ထွက်ရှိလာသည်။

လောကတွင် ရတနာများစွာရှိသည်။ ရွှေ၊ ငွေ၊ စိန်၊ ကျောက်သံပတ္တမြားစသည်တို့ကို ဘုန်းကံရှိသူသာ သုံးစွဲရ၏။ ဤရတနာများမှာ မြေမှထွက်သော ဒြပ်ဝတ္ထုများဖြစ်သည်။ ရွှံ့ထဲမှ ရွှေကို အဆင့်များစွာ ကျင်ယူ၊ ရေဆေး၊ ကျိတ်ခွဲ၊ ပြဒါးဖြင့်ဖမ်းကာ အပူပြင်းပြင်းပေးပါမှ ရွှေအစစ်ရ၏။ အညစ်အကြေးကင်း၊ အေးမြပျော့ပြောင်း ထူးခြားတောက်ပသည့်အရောင် ဓာတ်ဂုဏ်သတ္တိကြောင့် ရတနာစစ်စစ်ဖြစ်လာ၍ ဘုန်းကံရှိသူသာပိုင်ဆိုင်ခွင့်ရ၏။ ဘုရားဖက်တော့ အသက်ရှည့်၊ တရားဖက်တော့ အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေစေသော ရတနာသုံးပါးသည်ကား အလေးအမြတ်ပြုရသော နာမ်ရတနာများဖြစ်သည်။ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာထွန်းကားပြီး အစွန့်ရှည်သည်မှာ ရဟန်ရှင်များကြောင့်ဖြစ်သည်။ ရဟန်းဟူသည် အရဟတ္တဓဇ ခေါ် သင်္ကန်းဖြင့် သိမ်ဝင် ဥပဇ္ဈာယ်ပြုပြီးမှသာ ရဟန်းဖြစ်ရ၏။ ၂၂၇ သွယ်သော ဝိနည်းသိက္ခာကို စောင့်ထိန်းရ၏။ ရဟန်းတစ်ပါးဖြစ်လာရန် ကိုရင်ဘဝ မှ အသက် ၂၀ အထိစောင့်၍ ရဟန်းပြုမှရကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို ရွှေပြည်သာစာပေ၊ အမှတ်(၂၂)၊ မြေညီထပ်၊ ၄၄-လမ်း(အောက်)၊ (၆) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂နှင့် ၉၀ ၄၄၃၃၅၉၀၆၀တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။**





## ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုပညာ

စာရေးသူဒေါ်ခင်မိုးသီ(M.P.A, EMDevS) စီစဉ်ရေးသားသည့်ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုပညာ စာအုပ် ထွက်ရှိလာသည်။

ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်လာပြီဖြစ်သည်။ ကမ္ဘာတောင်ခြမ်းမှ အဖြစ်အပျက်များသည် ကမ္ဘာမြောက်ခြမ်းသို့မိနစ်ပိုင်းအတွင်း အင်တာနက်မှတစ်ဆင့် ပျံ့နှံ့ရောက်ရှိပြီး သိရှိကြပြီဖြစ်သည်။ လူအများအနေဖြင့် လည်း ကိုယ်တိုင်သိလိုရာ အကြောင်းအချက်များ၊ ပညာရပ်များကို ကမ္ဘာ၏မည်သည့်နေရာရောက်နေနေ ကွန်ပျူတာ တစ်လုံး၊ ဖုန်းတစ်လုံးရှိရုံဖြင့် အင်တာနက်မှတစ်ဆင့် အလွယ်တကူ လေ့လာနိုင်သည်။ မြန်မာနိုင်ငံအတွင်းရှိ ပညာရှာနေကြသော လူငယ်အများဆုံးသည်လည်း အကြောင်းရင်းအမျိုးမျိုးဖြင့် ခေါင်းဆောင်မှုပညာနှင့် စီမံခန့်ခွဲမှုပညာများကို ကျောင်းသင်ဘာသာရပ်အဖြစ်လည်းကောင်း၊ အမျိုးမျိုးသော သင်တန်းများမှတစ်ဆင့်လည်းကောင်း လေ့လာနေကြသည်။ နိုင်ငံ၏လူဦးရေအများဆုံးကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာရဟန်းတော်များအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များမှ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုများကို ခွဲခြမ်းစိတ်ဖြာဟောကြားရာတွင် အနောက်နိုင်ငံမှ အစပြုလာ၍ တစ်ကမ္ဘာလုံးက လက်ခံကျင့်သုံးနေသော သီအိုရီများဖြင့် နှိုင်းယှဉ်ဟောပြောသင်ကြားပြသပါက လူအများ ပို၍ စိတ်ဝင်စားသဘောပေါက်နိုင်မည်ဖြစ်ကြောင်းရေးသားထားသည်။

**စာအုပ်ကို ပျိုးခင်းစာပေ၊ သာသနာ့တက္ကသိုလ်မုခ်ဝရှေ့၊ ကမ္ဘာအေး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၆၉၀၆၀၆၉၆၁နှင့် ၀၉ ၂၅၀၉၀၃၉၆၉ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**




## ပုဂံပြည့်ရှင် မင်းမြတ်အနော်ရထာ မဟာမော်ကွန်း ကဗျာရှည်

စာရေးသူ အိမ်တင်အေး(ပုလဲ) ရေးသာသည့် ပုဂံပြည့်ရှင် မင်းမြတ်အနော်ရထား မဟာမော်ကွန်း ကဗျာရှည် စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ရွှေဖလား ငွေနားမကွပ်လိုတော့ပါ။ အနော်ရထာမင်းမြတ်၏ တိုင်းပြည်ကာကွယ်ရေး၊ ငြိမ်းချမ်းသာယာရေးအတွက် ဆောင်ရွက်ပုံများကို ဖော်ပြရာတွင် တစ်မိုးလုံး ဖျောက်ဆိတ်ချည်းဟုဆိုရလောက်အောင် ဂုဏ်၊ အလင်္ကာ၊ ရသတို့ ထုံမွှမ်းလျက်ရှိသည်။ တစ်ခုချင်း၊ တစ်ပါဒချင်းတင်ပြရသော် ပြည့်စုံမည်မဟုတ်။ တစ်အုပ်လုံးချပြရုံသာရှိသည်။ ဂုဏ်၊ အလင်္ကာ၊ ရသနှင့်ပတ်သက်၍ ပညာရှိတို့၏ အဆိုအမိန့်ကြားဖူးသည်။ မင်းမြတ်အနော်ရထာ မဟာမော်ကွန်းကဗျာရှည်တွင် မင်းမြတ်အနော်ရထာသည် ဂုဏ်၊ အလင်္ကာ၊ ရသတို့မှာ ဘုရင်မင်းမြတ်၏ ပြည်သူတို့အပေါ်ထားရှိသော စေတနာ၊ သာသနာသန့်ရှင်းရေးအတွက် ကြိုးပမ်းချက်၊ ပုဂံပြည်ရှင်မင်းမြတ်အနော်ရထာဆိုသည်မှာ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော၊ စစ်မှန်သော ထေရဝါဒဗုဒ္ဓ ဘာသာ သာသနာထွန်းကားရေးကို မနားမနေ ဆောင်ရွက်ခဲ့သော၊ ကမ္ဘာပေါ်တွင် မြန်မာဘုရင်ဟု ထင်ရှားခဲ့သော၊ လက်ရုံးရည်၊ နှလုံးရည်နှင့် ရဲစွမ်းသတ္တိပြည့်ဝသော၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပထမဦးဆုံးတည်ဆောက်ခဲ့သော၊ မျိုးချစ်စိတ်ဓာတ် ထက်သန်သော ဘုရင်တစ်ပါးဖြစ်၍ မှတ်တမ်းတင်ဂုဏ်ပြုသောအားဖြင့် အဆိုပါစာအုပ်ကို ရေးသားထုတ်ဝေလိုက်ခြင်းပင်ဖြစ်သည်။

**စာအုပ်ကို လင်းသန့်စာပေ၊ ဖုန်း- ၀၉ ၂၅၈၅၅၅၅၁၀မှ တန်ဖိုးငွေကျပ် ၆၀၀၀ သတ်မှတ်ထားသည်။**




## သင့်ကျန်းမာရေးအတွက် သတိပေးခေါင်းလောင်းသံ ၂၀၀

စာရေးသူ ဒေါက်တာ ခင်မိုးမိုး စီစဉ်ရေးသားသည့် သင့်ကျန်းမာရေးအတွက် သတိပေးခေါင်းလောင်းသံ ၂၀၀ စာအုပ် ထွက်ရှိလာသည်။

လူအများစုသည် မိမိခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပေါ်နေသည့် ဝေဒနာများကို ဘယ်အချိန်တွင် ဆရာဝန်နှင့်ပြသမည်နည်း၊ ဘယ်အချိန်တွင် ချက်ချင်းကုသမှုခံယူရမည်နည်း၊ ဘယ်အချိန်တွင် ဘယ်လိုဆရာဝန်နှင့် ပြသရမည်နည်းဆိုသည်ကို သေချာမသိကြပါ။ ဤအရာများကို မသိနားမလည်သည့်အတွက် အချိန်မီ ကုသမှုကို မခံယူလိုက်ရခြင်းကြောင့် အသက်သေဆုံးကြရသည်များလည်းရှိကြသည်။ ထိုစာအုပ်တွင် သင့်ကျန်းမာရေးအတွက် အလေးအနက်ထားပြီး စစ်ဆေးရန်လိုအပ်သောပြင်းထန်သည့်ရောဂါများ၏သတိပေးလက္ခဏာရပ်များကို မီးမောင်းထိုးပေးထားခြင်းဖြစ်သည်။ လူတစ်ဦး၏ ဦးခေါင်းကအစ ခြေအဆုံးအထိ ဖြစ်ပေါ်လာနိုင်သည့် ရောဂါလက္ခဏာများကို တစ်ပိုင်းချင်းစိစစ်ပြီး အသေးစိတ်ဖော်ပြထားသည့်အပြင် အထွေထွေလက္ခဏာများ၊ ကိုယ်ဝန်ဆောင်နှင့် မီးဖွားချိန်တွင် ဖြစ်ပေါ်တတ်သည့် လက္ခဏာများ၊ အဆိုပါစာအုပ်တွင်ပါရှိသည်များကို လေ့လာသိရှိထားပါက ကျန်းမာရေးပြဿနာများ ကာကွယ်နိုင်သကဲ့သို့ ထိထိရောက်ရောက် ကာကွယ်ကုသနိုင်မည်ဖြစ်သည်။ စာအုပ်ကို ပိုင်ဆိုင်ထားခြင်းဖြင့် သင်၏မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းသင်းများ ကျန်းမာရေးတစ်ခုခုချို့ယွင်းနေပါကို စစ်ဆေးနိုင်ကြောင်းရေးသားထားသည်။

**စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower၊ အနော်ရထာလမ်း(၃၉-လမ်းထောင့်) ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၈၅၂၉၃နှင့် ၀၁ ၈၃၉၂၇၃၉တို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ဖြင့် ဖြန့်ချိသည်။**




## ရခိုင်စာလုံးပေါင်းခေတ်မီသတ်ပုံ

စာရေးသူ သထော်ဥ စီစဉ်ရေးသားသည့် ရခိုင်စာလုံးပေါင်းခေတ်မီသတ်ပုံ စာအုပ် ထွက်ရှိလာသည်။

ခေတ်မီ ရခိုင်စာလုံးပေါင်းသတ်ပုံကျမ်းကို ၂၀၀၉ခုနှစ်မှစတင်ကာ ပြုစုခဲ့သည်။ တစ်ဦးတစ်ယောက်တည်းတောင်မက တစ်သင်း တစ်ဖွဲ့နှင့်ပင် ပြီးပြည့်စုံနိုင်သော ကဏ္ဍမဟုတ်။ တစ်ဦးကစ တစ်ဖွဲ့၊ တစ်သင်းနှင့်အတူ တစ်မျိုးသားလုံးက ဝိုင်းဝန်းဖြည့်စွက်ရန်အတွက် ဆိုပါမူအစတစ်ခုပြုမူရန်လိုအပ်ပါသည်။ ကျမ်းကို ပြီးပြည့်စုံသော ခေတ်မီစာလုံးပေါင်းသတ်ပုံထက် ရခိုင်စာပေတည်ငြိမ်ထွန်းကား ဖွံ့ဖြိုးစေရန်အတွက်လိုအပ်သော ရခိုင်စာလုံးပေါင်းသတ်ပုံကြမ်းအဖြစ်ဖြင့် တင်ပြထားသည်။ နောင်တွင်ဖြစ်ပေါ်လာမည် ရခိုင်စာအဖွဲ့အတွက် အကျိုးတစ်စုံတစ်ရာဖြစ်နိုင်စေရန် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်သည်။ ထိုသတ်ပုံစာအုပ်သည် တစ်ဦးတစ်ယောက်စုစည်းတင်ပြချင်းအဖြစ်မှတစ်ဆင့် ရခိုင်တစ်ပြည်လုံးရှိ စာလုံးပေါင်းသတ်ပုံကို လေ့လာလိုက်စားသူများက ဝိုင်းဝန်းပြင်ဆင်ချက်များဖြင့် ဖြည့်စွက်အားပေးလာပါက ရခိုင်စာလုံးပေါင်းသတ်ပုံအဖွဲ့အဖြစ်ဖြင့် ရခိုင်စာပေထွန်းကားစေရန်ရည်ရွယ်၍ ထိုသတ်ပုံကျမ်းကို ဝေဖန်စာ၊ အကြံပြုစာများပေးပို့ပြီး ထိုထက်ပိုမိုပြည့်စုံခိုင်မာသော ရခိုင်စာလုံးပေါင်သတ်ပုံကျမ်းအဖြစ် အနာဂတ်တွင် ပေါ်ပေါက်လာမည့် ရခိုင်စာပေအဖွဲ့အား ကြိုဆိုကြောင်း စာရေးသူကရေးသားထားသည်။

**စာအုပ်ကို သာနိုးတက်စာပေ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၉၆၉၂၇၁၇နှင့် ၀၉ ၄၅၀၅၉၂၇၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ဖြင့် ဖြန့်ချိသည်။**

# လူထုအားကစားမှသည် ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်သို့

“အားကစား”ဟူသည်မှာ ပြေးခုန်ခြင်း၊ အလေးမခြင်း စသည့်ကိုယ်လက်လှုပ်ရှားမှုဖြစ်သည်ဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။ အားကစား အမျိုးအစားလေးမျိုးရှိသည်။ ရိုးရာအားကစား၊ ယှဉ်ပြိုင်အားကစား၊ အပန်းဖြေအားကစားနှင့် လူထုအားကစားတို့ဖြစ်သည်။ အားကစားဟူသည် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက် ခြောက်ချက်ပါဝင်ပေါင်းစပ်ထားသည်။

မေတ္တာမိုးနှင်း(ပဲခူး)

မည်သည့်အားကစားနည်းတွင်မဆို အင်အားနှင့်ဉာဏ်ရည်ကို အသုံးချကြရသည်။ အားကစားဟူသည်ကား သေချာရေရာသော ပန်းတိုင်၊ နည်းဗျူဟာ၊ မှူတခြင်းတို့ဖြင့် စုဖွဲ့မှု၊ ယှဉ်ပြိုင်မှု၊ ဖျော်ဖြေရေးနှင့် ကျွမ်းကျင်မှုတို့ကို စုစည်းထားခြင်းဖြစ်သည်။ အားကစားတစ်ခုကို ပြုလုပ်သည်ဆိုကတည်းက ရည်ရွယ်ချက်ပန်းတိုင်ရှိရမည်ဖြစ်သည်။ ထိုပန်းတိုင်သို့ရောက်ရှိရန် ကောင်းမွန်သောနည်းဗျူဟာကို အသုံးပြု၍ စုဖွဲ့မှုအင်အားကောင်းမွန်ကြရပေမည်။



## စုဖွဲ့မှုအင်အား

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်၍မရချေ။ ပြည်သူတစ်ရပ်လုံးပါဝင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန် လိုအပ်ပေသည်။ ထိုသို့ ကျန်းမာကြံ့ခိုင်ရန်အတွက် အားကစားလှုပ်ရှားမှုများတွင် ပြည်သူတစ်ရပ်လုံးပါဝင်ကြရပေမည်။ ပြည်သူတစ်ရပ်လုံးပါဝင်လာမှုသည် စုဖွဲ့မှုအင်အားဖြစ်ပြီး လူထုအားကစားသည် အသက်ဝင်လာပေလိမ့်မည်ဖြစ်သည်။

## လူထုအားကစား

လူထုအားကစားဆိုသည်မှာ အားကစားသမားများသာမက ကျား၊ မ ကြီးငယ်မရွေး ပါဝင်ဆင်နွှဲသော ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းပင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးသည် လူသားတိုင်းအတွက် အရေးပါသည်ကို သိမြင်လာကြသည်။ ကျန်းမာကြံ့ခိုင်မှသာ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှသာ ခေတ်ကိုအမီလိုက်နိုင်မည်ဖြစ်သည်ဟု ယုံကြည်လာကြသည်။ ထို့အပြင် ခေတ်မီဆန်းပြားသောရောဂါများသည် ဆေးဝါးနှင့်ကုသခြင်းဖြင့် မလုံလောက်ဘဲ ကိုယ်တိုင်ကျန်းမာရေးအသိဖြင့် ကြိုတင်ကာကွယ်ကြရမည်ဟူသည့်အချက်ကိုလည်း လက်ခံလာကြသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် အကျိုးရှိသည်ကိုလည်း လက်တွေ့သိမြင်လာကြပြီဖြစ်သည်။ ထို့ကြောင့် နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်း၊ စုပေါင်း၍အပန်းဖြေအားကစားပြုလုပ်ခြင်းများကို မြို့ကြီးများတွင် မြင်တွေ့နေကြရပြီဖြစ်သည်။

လူထုအားကစားတွင် ပါဝင်ဆောင်ရွက်ခြင်းသည် စိတ်ရွှင်လန်းတက်ကြွမှု၊ တစ်ဦးနှင့်တစ်ဦး နီးနွှောဖလှယ်ရာမှရရှိသော ကျန်းမာရေးသုတနှင့် အထွေထွေဗဟုသုတများကိုလည်း ရရှိနိုင်ပေသည်။ တချို့သောလူပုဂ္ဂိုလ်များအတွက် အထီးကျန်ခြင်းဟူသော စိတ်ပိုင်းဆိုင်ရာခံစားချက်များကို ပြေလျော့စေသည်။ လူထုအားကစားသည် စိတ်ပျော်ရွှင်မှုကို ရရှိစေသောကြောင့် ကိုယ်ခန္ဓာကျန်းမာမှုကိုလည်း များစွာအထောက်အကူပြုပေသည်။ ကိုယ်လက်လှုပ်ရှားအားကစား၏ ကောင်းကျိုးကို ပြည်သူလူထုတစ်ရပ်လုံး သိမြင်လာသည့်အခါ အားကစားနည်းတစ်မျိုးမျိုးကို အလေ့အထတစ်ခုအဖြစ် နေ့စဉ်ပြုလုပ်ရန် စိတ်အားထက်သန်လာကြပေမည်။ ထိုသို့ လူကြီးလူငယ်၊ ကျား၊ မ မရွေး အားကစားပြုလုပ်ရန် စိတ်အားထက်သန်လာသည့်အခါ မိမိတို့ဝါသနာပါရာ အားကစားနည်းအလိုက် ထူးချွန်မှုရှိလာပေလိမ့်မည်။ အားကစားနည်းတစ်မျိုး၌ ထူးချွန်ထက်မြက်မှုသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားဖြစ်ရန်အတွက် ခွန်အားတစ်ခုပင်ဖြစ်ပေသည်။

## လူထုအားကစားမှ ကမ္ဘာ့အားကစားသို့

“မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့” ရည်မှန်းချက်ထား ချီတက်ရန်အတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန်လိုအပ်ပါသည်။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရန်အတွက် အားကစားလှုပ်ရှားမှုများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။ အသက်အရွယ်၊ ကျား၊ မ မရွေး ပါဝင်ဆောင်ရွက်နိုင်သောအားကစားကို လူထုအားကစားဟုခေါ်ဆိုပေသည်။ လူထုအားကစားတွင် စုပေါင်းလမ်းလျှောက်ခြင်း၊ စုပေါင်း၍အပန်းဖြေအားကစားကဲ့သို့သော အေရိုးဗစ်ကစားခြင်း၊ ဉာဏ်စမ်းပဟေဠိများပြုလုပ်ခြင်း၊ တာတိုတာရှည်အပြေးလေ့ကျင့်ခြင်း၊ စက်ဘီးစီးခြင်း စသည်တို့ပါဝင်ပေသည်။ လူထုအားကစားကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားရန်လည်း အလွန်ပင်အရေးကြီးပေသည်။

ယခုအခါ မြန်မာနိုင်ငံအရပ်ရပ်ရှိ ပန်းခြံများတွင် ကလေးကစားကွင်းများ၊ ပြည်သူလူထုအတွက် အထောက်အကူဖြစ်စေသည့် အားကစားလေ့ကျင့်ခန်းများ ပြုလုပ်နိုင်သည့်ကိရိယာများကို တပ်ဆင်ထားပေးပြီးဖြစ်သည်။ နံနက်အစောပိုင်းအချိန်များတွင်လည်းကောင်း၊ ညနေစောင်းအချိန်များတွင်လည်းကောင်း ပြည်သူလူထုအနေဖြင့် လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ “လှုပ်လှုပ်ရှားရှားအားကစား” အစီအစဉ်မှသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရန်အတွက် ပြိုင်ပွဲများကျင်းပပေးခဲ့သည်။ ထိုပြိုင်ပွဲသည် ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားစွာ ယှဉ်ပြိုင်ကြသောပြိုင်ပွဲတစ်ခုပင်ဖြစ်သည်။ ထိုသို့ပြည်သူလူထုတစ်ရပ်လုံးပါဝင်လာစေသော လူထုအားကစားမြှင့်တင်ခြင်းသည် ကျန်းမာရေးဗဟုသုတနှင့် လက်တွေ့ကျသော ကျန်းမာရေးအသိပညာပေးဖြစ်သောကြောင့် ပြည်သူလူထုတစ်ရပ်လုံး အားကစား၌ ပိုမိုစိတ်ဝင်စားစွာ ပါဝင်ဆောင်ရွက်လာကြသည်။ ထို့ကြောင့် လူထုအားကစားမြှင့်တင်ခြင်းသည် အားကစားအောင်မြင်ခြင်း၏ အခြေခံကျသောရလဒ်ပင်ဖြစ်သည်။

လူထုအားကစားတွင် အသက်အရွယ်၊ ကျားမမရွေးပါဝင်ဆောင်ရွက်လာသည့်အခါ အသက်အရွယ်ကြီးသူတို့သည် ကျန်းမာသက်ရှည်ကြပြီး အသက်အရွယ်ငယ်သူတို့သည် ကျန်းမာကြံ့ခိုင်ကာ အားကစားလှုပ်ရှား မှု၌ ပိုမိုစိတ်ပါဝင်စားလာကြမည်ဖြစ်သည်။ အားကစား၌ လူငယ်များစိတ်ပါဝင်စားမှုများပြားလာသည်နှင့်အမျှ ကျောင်းတွင်းအားကစား၊ မြို့နယ်အဆင့်အားကစားပြိုင်ပွဲများ၊ တိုင်းခရိုင်ပြိုင်ပွဲများမှသည် “ဗလငါးတန်” ဖွံ့ဖြိုးသော လူငယ်လူရွယ်ပေါင်းများစွာ ပေါ်ထွန်းလာမည်ဖြစ်သည်။ လူငယ်များ၏ အားသာချက်၊ ဝါသနာတို့အပေါ်မူတည်၍ အားကစားနည်းများကို စနစ်တကျလေ့ကျင့်ခြင်းအားဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာပေလိမ့်မည်။ လူထုအားကစားမှသည် မြန်မာ့အားကစားမှစ၍ စွမ်းရည်မြင့်မားသည့် ကျွမ်းကျင်အားကစားအဆင့်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် လူထုအားကစားကို အမြို့မြို့အနယ်နယ်မှ ကျန်းမာရေးကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်သင့်ပေသည်။

## တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးပါဝင်လာရန် အရေးကြီးပါသည်။ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များတွင် အားကစားမြှင့်တင်ပြီး ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရန် နှိုးဆော်ဖြန့်ဝေပေးရန် လိုအပ်ပါသည်။ ပြည်သူများကြားသို့ သတင်းစကားရောက်ရှိပါမှ ပြည်သူလူထုပါဝင်မှုများပြားလာမည်ဖြစ်သည်။ ယခုအခါ ကိုဗစ်ရောဂါဖြစ်ပွားမှုနှုန်းလျော့နည်းလာခြင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံထားသည့် လူဦးရေများပြားလာခြင်းတို့ကြောင့် လူထုအားကစားလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်သော အချိန်ကာလဖြစ်ပေသည်။ ထိုသို့အခွင့်အလမ်းများရရှိသည့်အချိန်တွင် ရာသီဥတုသုံးပါးလုံး၌ သင့်တော်သလိုအချိန်ယူ၍ ကိုယ်လက်လှုပ်ရှားကစားခြင်းကို ဆောင်ရွက်သင့်ပေသည်။

ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည် စိတ်ဓာတ်ခွန်အားနှင့် ကာယခွန်အားဖြစ်စေသည်ဟု သုတေသနမြောက်မြားစွာကအတည်ပြုခဲ့ပြီးဖြစ်သည်။ ပုံမှန်လှုပ်လှုပ်ရှားရှားရှိသော သူများသည် အားကစား လုံးဝမလုပ်သောသူများထက်ပိုပြီး စိတ်ပျော်ရွှင်မှုရရှိခြင်း၊ ဉာဏ်ရည်ထက်ပြီး အတိတ်မေ့ရောဂါရနိုင်ခြေနည်းပါးခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးနိုင်ခြေနည်းပါးခြင်း၊ ညဘက်တွင် ပို၍အိပ်ပျော်ခြင်း၊ နိုးကြားတက်ကြွလန်းဆန်းခြင်း၊ အာရုံစူးစိုက်နိုင်စွမ်းကောင်းခြင်း စသည့်ကိုယ်ရောစိတ်ပါ ကျန်းမာရေးကောင်းကျိုးအမြောက်အမြားကို ရရှိစေပါသည်။

ဒီဇင်ဘာလကို လူထုအားကစားလဟု သတ်မှတ်ထားသည်နှင့်အညီ အပတ်စဉ်စနေနေ့တိုင်း လူထုလမ်းလျှောက်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိပေသည်။ လူထုအားကစားလှုပ်ရှားမှုများကို ဒီဇင်ဘာလ (အားကစားလ)တစ်လတည်းတွင် မဟုတ်ဘဲ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များတွင် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့်အသွင်ဖြင့် ကျင်းပပြုလုပ်ပေးသင့်ပါသည်။ ထို့အပြင် လစဉ် သို့မဟုတ် သီတင်းပတ်စဉ်တိုင်းတွင် လူထုအားကစားလှုပ်ရှားမှုအသွင်အမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ပြည်သူလူထုနှင့် အားကစားကင်းကွာမှုမရှိဘဲ ပိုမို၍ စိတ်ပါဝင်စားလာမည်ဖြစ်ပေသည်။ အားကစားလှုပ်ရှားမှု များလာသည်နှင့်အမျှ အားကစားနှင့်ကျန်းမာရေး၊ ကျန်းမာရေးနှင့် ပညာရေးဆက်နွှယ်မှုများကို ကိုယ်တိုင်သိမြင်ပြီး ဆက်လက်လိုက်ပါဆောင်ရွက်ခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ရည်ရွယ်ချက်အောင်မြင်မည် ဖြစ်ပေသည်။

## ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်

လူ့စွမ်းအားအရင်းအမြစ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါဆုံးသော ကဏ္ဍတစ်ခုဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များမှရရှိသော ကာယအား၊ ဉာဏအားတို့သည် တိုင်းပြည်၏ လုပ်အားစွမ်းအားစုများပင်ဖြစ်သည်။ ထိုစွမ်းအားစုများ ကျန်းမာကြံ့ခိုင်မှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နိုင်မည်ဖြစ်မည်။ ကျန်းမာစွာဖြင့် တက်ညီလက်ညီလှော်ခတ်မှသာ မိမိတို့နိုင်ငံသားတိုင်း မျှော်လင့်ထားသော ခေတ်မီနိုင်ငံတော်သစ်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။ နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်ခြင်းသည် နိုင်ငံတော်၏အဓိကမဏ္ဍိုင်ကြီးပင်ဖြစ်သည်။

## အားကစားနှင့် အမျိုးသားရေးတာဝန်

“အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်” ဟူသော အမျိုးသားရေးအသိနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပေမည်။ ကျန်းမာကြံ့ခိုင်၍ စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ အားမာန်အပြည့်ဖြင့် လျင်မြန်စွာချီတက်နိုင်ရန် လူထုအားကစားလှုပ်ရှားမှု၌ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**“လူ့စွမ်းအားအရင်းအမြစ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါဆုံးသော ကဏ္ဍတစ်ခုဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များမှရရှိသော ကာယအား၊ ဉာဏအားတို့သည် တိုင်းပြည်၏လုပ်အားစွမ်းအားစုများပင်ဖြစ်သည်။ ထိုစွမ်းအားစုများ ကျန်းမာကြံ့ခိုင်မှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နိုင်မည်ဖြစ်မည်။ ကျန်းမာစွာဖြင့် တက်ညီလက်ညီလှော်ခတ်မှသာ မိမိတို့နိုင်ငံသားတိုင်း မျှော်လင့်ထားသော ခေတ်မီနိုင်ငံတော်သစ်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။ နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်ခြင်းသည် နိုင်ငံတော်၏အဓိကမဏ္ဍိုင်ကြီးပင်ဖြစ်သည်။ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်”ဟူသော အမျိုးသားရေးအသိနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်”**

## တစ်ချက်တည်းကျင်းဝင် (ရန်ကုန်ဂေါက်အသင်း၊ တည်းကုန်း)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ ညနေ(၅:၀၂)နာရီတွင် ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ကိုစိုးမင်းအောင်သည် ၎င်း၏ကစားဖော်များဖြစ်ကြသော ကိုသူရ၊ ကိုရဲအောင်ဇော်၊ ကိုမင်းထွဋ်၊ ကိုစိုင်းကျော်ဝင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၅၁)ကိုက်အကွာမှ B-3 ဘောလုံးအား Iron-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## အားကစား မြင့်တင် စိတ် လန်းရွှင် ဆန့်ကျင် မူးယစ် ဆေး

## အများသိစေရန်ကြေညာခြင်း

"ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာသာယာကုန်းလမ်း၊ တိုက်အမှတ် (၄)၊ အခန်းအမှတ်(၀၀၃)၊ ပထမထပ်(ဘယ်)၊ (အလျား ၁၆ပေx အနံ ၅၈ပေ) အခန်းအား ဒေါ်ပိုးနုစိုး[၁၂/ဗတထ(နိုင်)၀၁၀၄၇၂]မှ တရားဝင်ပိုင်ဆိုင်သည်ဟု ဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းအေး [၁၂/မဂတ(နိုင်)၀၆၆၅၂၀]မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ လည်းကောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စန်းစန်းအေး** | **ဒေါ်အေးအေးအောင် (LL.B, LL.M)** |
| **ဖုန်း-၀၉-၂၅၃၃၁၁၇၈** | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၀၀၄)** |
| | **ဖုန်း-၀၉-၇၈၂၂၄၄၅၂၂** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မိုးကောင်းလမ်း၊ မြေကွက်အမှတ်-၇၇၆၊ (အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဦးသိန်းမြင့် (T/RGN-012899)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်သို့မျက်နှာမူလျှင်(ဝဲဘက်)၊ မြေကွက်အမှတ်-(၇၇၆/က) ပေ (၂၀x၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးသိန်းမြင့်(T/RGN-012899)ကွယ်လွန်ခဲ့သဖြင့် ယခုရောင်းချသူ ဇနီးဖြစ်သော ဒေါ်ကြည်ကြည်ဝင်း (ဘ-ဦးဝင်းမောင်)[၁၂/မရက(နိုင်)၀၆၉၈၅၂]မှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်ပြည့်သည့်နေ့တွင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၉၅)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်ဗထူးအိမ်ရာ(၁)၊ (၄၈/U-10)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၀၅၈၆၇ ၊ ၀၉-၂၅၀၀၀၉၃၉၄**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၁၁၃၊ မြေကွက်တည်နေရာအမှတ်-၁၁၃၊ (၁)လမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းမြင့်(ED-020417)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းမြင့်(မိခင်)နှင့် ဦးအုံးကြည်(ဖခင်)တို့ကွယ်လွန်ပြီး မွေးဖွားသား/သမီး(၄)ဦးတွင် သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်မြဝေသည် မိခင်ထက်စော၍ကွယ်လွန်သဖြင့် ၎င်း၏အစုကို အမွေမမီမြေးဖြစ်သူ ဦးမင်းထက်ကျော်[၁၂/ဥကတ(နိုင်)၁၅၂၇၉၅]နှင့် ကျန်သား/သမီးများဖြစ်ကြသော ဒေါ်ခင်မြအေး[၁၂/ဥကတ(နိုင်)၀၄၇၈၄၅]၊ ဦးထွန်းဝေ[၁၂/မဂတ(နိုင်)၀၄၄၃၁၇]၊ ဒေါ်ခင်မြဝင်း[၁၂/ဥကတ(နိုင်)၀၄၈၄၃၉]တို့နှင့် ပူးတွဲလျက် သား/သမီး/မြေးများတော်စပ် ကြောင်း ကျမ်းကျိန်လွှာ(၁၀၄၄/၂၀၂၂) (၈-၉-၂၀၂၂) ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဂရန်မူရင်း၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ ၅၂ ရပ်ကွက်၊ ကွင်းအမှတ်-၄၇၂၊ ဦးပိုင်အမှတ်-၉၄/၁၊ အောင်သပြေလမ်းရှိ မြေလုပ်ကိုင်သူ ဦးစိန်ထွန်းအမည်ပေါက် တရားဝင်မခွဲစိတ်ရသေးသော မြေများအနက်မှ (၂၅ပေx၇၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အကျိုးခံစားပိုင်ခွင့်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံလျက် ရောင်းချသူ ဦးဝင်းလွင် [၁၂/လကန(နိုင်)၀၈၆၉၁၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၇/၁၀)**
**အမှတ်-၂၈၄၊ ဥဒ္ဒေနာ(၃)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၅၆)ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂၃/၂x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ယိုဖေဝင်း[၁၂/လမတ(နိုင်) ၀၀၇၇၇၆]၏ ကိုယ်စား ယိုဖီစွန် [၁၂/လမတ(ပြု)၀၀၀၁၃၆] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B** | **LL.B,DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |

**အမှတ်(၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၃၅၉၆၃၊ ၀၉-၇၉၀၁၂၃၄၈၀**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ နတ်ကင်းကျေးရွာနေ ဦးသန်းအေး၏သား ကိုနေမျိုးလင်းနှင့် ကိုရဲမင်းအောင်[၇/ဒဥန(နိုင်)၁၅၉၁၇၉] သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၅-၆-၁၉၉၃)ဖြစ်ပါကြောင်း။

**ကိုနေမျိုးလင်း(ခ)ကိုရဲမင်းအောင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ် (၈၃၄/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၈၃၄/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးစိုင်းသီဟ၊ ဒေါ်ရွှေဇင်မြင့် အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိသီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားဦးစိုင်းသီဟ[၁/မညန(နိုင်)၀၇၉၃၆၇]နှင့် ဒေါ်ရွှေဇင်မြင့်[၁၀/ခဆန(နိုင်)၀၆၄၅၈၂]တို့မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းဆုဝေ[၉/ဝတန(နိုင်)၁၀၅၉၅၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၈၄၆၉)**
**အမှတ်(၁၀၉၀)၊ ၁၆-လမ်း၊ ၄- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၉၆၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကွယ်လွယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၆-ခ)၊ ကွမ်းခြံကွင်း၊ ဦးပိုင်အမှတ် (၁၁၂)၊ ဧရိယာ(၀.၁၉)ဧကနှင့် ဦးပိုင်အမှတ်(၁၀၉၊ ၁၁၀၊ ၁၁၂)၊ ဧရိယာ(၀.၁၈)ဧက၊ စုစုပေါင်း(၀.၃၇)ဧက ကျယ်ဝန်းသော မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီစန်း (ဘ) ဦးလှတင်[၁၄/မမန(နိုင်)၀၂၈၄၂၃]ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသဲမွန်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၈၂)**
**အမှတ်(၁၃၂)၊ အောင်ဇေယျလမ်း၊ (၆)ရပ်ကွက်၊ မြောင်းမြမြို့။**
**ဖုန်း-၀၉-၇၈၃၂၃၉၆၁၇**

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဏ/၄၀၊ လူနေရပ်ကွက်အမှတ်-၁၄၊ ဇီယာပန်းခြံလမ်း၊ မြေကွက်အမှတ်-၉၂၈(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်အေးသန်းအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးထိန်လင်းထွန်း [၁၂/မရက(နိုင်)၁၃၉၈၂၉]ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းမော်ဦး [၅/တဆန(နိုင်)၀၇၉၉၅၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းမော်ဦး** | **ဒေါ်ခင်မာလွင်(LL.B, D.B.L)** |
| **[၅/တဆန(နိုင်)၀၇၉၉၅၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၄၉၇၊ ကောလိယ(၂၂)လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(၅) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ ။ မြေကွက်အမှတ်-၁၀၁၊ (အလျား၂၅ပေ x အနံ၁၀၀ပေ)၊ မြေကွက်တည်နေရာအမှတ်-၅၀(က)၊ စက်မှုလက်မှု(၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်ရွှေ[၁၂/တမန(နိုင်)၀၃၅၀၁၁]အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရှိထားဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးကျော်ဝင်း[၁၂/ကတတ(နိုင်)၀၀၀၅၅၃] ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးတင်မောင်သိန်း** | **ဦးကျော်မင်းထွန်း** | **ဦးမြင့်စိုး** |
| **(စဉ်-၅၃၃၈)** | **(စဉ်-၈၆၇၆)** | **(စဉ်-၄၈၄၄၁)** |
| **(B.A, R.L, D.B.L, D.I.L)** | **(LL.B, C.B.L)** | **(LL.B, D.B.L)** |
| **Ph: 09-5076158** | **Ph: 09-5092604** | **Ph: 09-420926694** |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**အမှတ်(၁၅၇)၊ A-3၊ ဒုတိယထပ်၊ (၂၈)လမ်း(အထက်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ထမနဲလှူဒါန်းပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ထမနဲ လှူဒါန်းပွဲအား ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း (၁၂/၁၃)ရက် (၁/၂-၂-၂၀၂၃) ရက်တို့တွင် ထမနဲထိုးပွဲကျင်းပပြီး မြတ်စွာဘုရားအား ရည်မှန်း၍ ထမနဲဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များအား ထမနဲဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ထမနဲစတုဒိသာများဝေငှခြင်းတို့ပြုလုပ်မည်ဖြစ်ပါသည်။ ထမနဲဆွမ်းလှူဒါန်းလိုကြသော စေတနာရှင်များ အနေဖြင့် ထမနဲတစ်ဒယ်လျှင် ၅၀၀၀၀ိ/- နှုန်းဖြင့် ဂေါပကရုံးသို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် အလှူရှင်များသို့ ထမနဲလက်ဆောင်ခြင်းများ ပြန်လည်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေး နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**
**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**
**ဖုန်း-၀၉-၄၄၃၁၉၇၈၁၅၊ ၀၉-၇၆၃၃၄၈၉၆၂၊**
**၀၉-၂၅၀၃၆၉၄၇၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၂)လမ်း၊ အမှတ်(၁၅၁၃/၂)၊ (၁)ခန်းတည်း RC(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာအခန်း၊ ဧရိယာ (၉၁၈)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဖြစ်သော ဦးသီဟရဲတင့် [၁/ရကန(နိုင်)၀၃၃၈၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်စိုးမိုး[၁၂/သဃက(နိုင်)၁၅၅၈၁၄]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်စိုးမိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-765602290**

## အများသိစေရန်ကြော်ငြာခြင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်-၃၊ မြေကွက်အမှတ်-၂၁A၊ ဧရိယာ(၀၆၈၃)ဧက၊ မြေကွက်တည်နေရာအမှတ် (၂၁A)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်သိန်း[၁၃/လရန(နိုင်)၁၆၆၃၂၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်သိန်း [၁၃/လရန(နိုင်)၁၆၆၃၂၇]ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်-လသယ/အပိုင်း-၃၊ ၀၁၃၊ ၉၇ အရ(၁၇-၇-၁၉၉၇)ရက်နေ့တွင် ထုတ်ပေးခဲ့သည့် ဦးမောင်မောင်သိန်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်အား ရုံးတွင်းအမိန့်အမှတ်-၁၂/၂၀၂၃ (၅-၁-၂၀၂၃)ဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၈၊ မြေကွက်အမှတ်-၂၀၂၊ ဧရိယာ ပေ (၆၀x၈၀)၊ မြေကွက်တည်နေရာအမှတ်-၂၀၂၊ သုနန္ဒာ(၁၁)လမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဗမကမြင့်ဦး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဦး [၁၂/ကတတ(နိုင်)၀၂၉၀၀၇] ကိုယ်တိုင်မှ ပါမစ်မူရင်းတွင် ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်စာရွက် တို့တင်ပြပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တိုက်အမှတ်(၂၇၆/၅လွှာ)၊ အခန်းအမှတ်(E-5)၊ အကျယ်အဝန်း(ပေ၂၀ x ပေ၆၀)** ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်ထားသော နံရံကပ်ဗီရို(၄)လုံး/Air Con(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်လတ်(ဘ-ဦးသိန်းထွန်း)[၉/ခအဇ(နိုင်)၀၀၃၂၆၀]မှ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်းကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်ပြည့်သည့်နေ့တွင် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာခိုင်LL.B, D.L.P, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၉၅)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်ဗထူးအိမ်ရာ(၁)၊ (၄၈/U-10)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၀၅၈၆၇၊ ၀၉-၂၅၀၀၀၉၃၉၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယ ဗိုလ်မှူးကြီး မြတ်သင်း(ငြိမ်း)
## [တေဇ(၁)ကန်တော့ခံဆရာ]
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှည်းတန်းလမ်းဆုံ၊ အနော်ရထာအိမ်ရာ၊ တိုက် E နေ ဒုတိယဗိုလ်မှူးကြီးမြတ်သင်း(ငြိမ်း)သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ရက် နံနက် ၂:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။

**တေဇ(၁)တပည့်များနှင့်**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယ ဗိုလ်မှူးကြီး မြတ်သင်း(ငြိမ်း)
## (ကြည်း ၇၁၈၆)
### စစ်ဦးစီးမှူးပထမတန်း(ကကကျင့်)
### ညွှန်ကြားရေးမှူးချုပ်(သစ်တောရေးရာဝန်ကြီးဌာန)
### အသက်(၈၇)နှစ်

အနန္တဂိုဏ်းဝင်ဖြစ်သော ကျေးဇူးရှင် ဆရာသမား ဒုတိယဗိုလ်မှူးကြီးမြတ်သင်း(ငြိမ်း)သည် ၆-၁-၂၀၂၃ရက် (သောကြာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ -၂ တပည့်များနှင့် မိသားစုများ**

အထူး နှမြောတသ ဝမ်းနည်းကြေကွဲခြင်း

## ဆရာမကြီး ဒေါ်စမ်းမြင့်
## နတ်တလင်း (အ.ထ.က)
## အသက် ( ၇၅ ) နှစ်

ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော
ဆရာမကြီးဒေါ်စမ်းမြင့်၏ မိသားစုနှင့်ထပ်တူထပ်မျှ
ဝမ်းနည်းကြေကွဲမှုဖြစ်ရပါကြောင်း အကြောင်းကြားပါသည်။
"ဆရာမကြီး ဒေါ်စမ်းမြင့် ကောင်းရာသုဂတိလားပါစေ .."
အမျှ . . . အမျှ . . . အမျှ . . .

**ဦးသိန်းထွန်း + ဒေါ်မြိုင် မိသားစု၊ ရန်ကုန်မြို့**
**ကိုထွန်းမြတ်လင်း + မတင်မိုးသွင် မိသားစု ရန်ကုန်မြို့**

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၅၃၇)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဦးမောင်မောင်လတ်(AA-၁၃၂၅၈၆) အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဦးမိုးဇော်အောင်[၁၂/ဒဂတ(နိုင်)၀၂၉၈၅၄]မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် မိမိတစ်ဦးတည်းဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄/၆၊ မြေကွက်အမှတ် ၂၆၁(က)၊ ဧရိယာ(၀.၀၂၇)ဧက မြေကွက်တည်နေရာအမှတ်(၂၆၁/က)၊ မြရတနာလမ်း၊ (၅/၆) ရပ်ကွက်၊ ရွှေပြည်သာ ဦးဘထူးခင် (AB-၀၅၂၅၄၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဘထူးခင်(AB-၀၅၂၅၄၉) ဖခင်ဖြစ်သူသည် (၂၁-၅-၂၀၁၀)ရက်နေ့တွင် လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်ရွှေသည် (၈-၈-၁၉၉၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သန္တာ[၁၂/ရပသ(နိုင်)၀၀၁၁၉၄]မှ မိဘများကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာအမှတ်-၁၁၃၇/၂၂ (၁၁-၁၀-၂၂)၊ အသိသက်သေနှစ်ဦး၏ ထပ်ဆင့် ကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုံးစိန်
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒါန်လမ်း၊ တိုက်အမှတ်(၁၆)၊ မြေညီထပ်နေ (ဦးစီ-ဒေါ်နှင်းလှိုင်)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ (ဦးမြင့်စိုး)၊ ဒေါ်ခင်ဝင်းမြင့်(သစ်လုပ်ငန်း-ငြိမ်း)၊ ဦးတင်စိုး-ဒေါ်ခင်နွဲ့၊ ဦးအောင်မြင့်-(ဒေါ်ခင်ဝင်းတင့်)၊ ဦးအောင်ကြည်-ဒေါ်ခင်ဝင်းဆင့်၊ ဦးအုန်းမြင့်-ဒေါ်လှလှဝင်း၊ (ဦးကျော်မင်း)-ဒေါ်မြမြဝင်း၊ ဦးတင်ဝင်း-ဒေါ်မူမူဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၁၈ ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁-၂၀၂၃ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၃ ရက် မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူး သူရလှမြင့်သိန်း (ငြိမ်း) တေဇ(၂)
## ကြည်း ၁၃၃၃၀
### (အရှေ့တောင်အာရှ ကျွန်းဆွယ်၊
### ကြက်တောင် မြန်မာ့လက်ရွေးစင်ဟောင်း)
### အသက်(၇၁)နှစ်

ချစ်သူငယ်ချင်း ဗိုလ်မှူးသူရလှမြင့်သိန်း(ငြိမ်း)သည် ၅-၁-၂၀၂၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း(ဧက သူရ ဘိတ်ပေါက်) ပြုပြုသမျှ ကုသိုလ်အစုစုကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ ကြက်တောင်ရိုက်ရင်း၊ ဂစ်တာတီးရင်း သာဓုခေါ်ဆိုနိုင်ပါစေ....

**(တေဇ -၂ မှ သူငယ်ချင်းများနှင့် မိသားစုများ)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဂ)၊ မြေကွက်အမှတ်(၄၇၂/က)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၄၇၂/က)၊ နီလာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ ဦးတင်မြင့် [၁၂/ဥကမ(နိုင်)၀၀၇၃၁၅]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးတင်မြင့်(ဖခင်)သည် (၃-၇-၂၀၀၂)ရက်နေ့တွင် လည်းကောင်း၊ ဒေါ်စိန်တင် (မိခင်)သည် (၂၈-၁၂-၁၉၉၆)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန် ခဲ့သဖြင့် ဒေါ်စန်းမြင့်၊ ဦးလှဋ္ဌေး၊ ဦးနိုင်မြင့်[၁၂/ဥကမ(နိုင်)၀၃၄၃၆၂]၊ ဒေါ်အေးအေးမြင့်[၁၂/ဥကမ(နိုင်)၀၁၅၄၀၆] သားသမီး(၄)ဦးမွေးဖွားခဲ့ရာ ဒေါ်စန်းမြင့်သည် (၁၉-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဦးလှဋ္ဌေးသည် (၁၈-၁၁-၂၀၀၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်စန်းမြင့်၏ အစုအတွက် ဦးစန်းအောင်(ခင်ပွန်း)[၁၂/ဥကမ(နိုင်)၀၃၅၁၆၀]၊ ဦးလှဋ္ဌေး၏အစုအတွက် ဒေါ်စန်းစန်းတင့်(ဇနီး)[၁၂/ဥကမ(နိုင်)၀၃၃၄၀၂]တို့မှ ဦးနိုင်မြင့်[၁၂/ဥကမ(နိုင်)၀၃၄၃၆၂]၊ ဒေါ်အေးအေးမြင့်[၁၂/ဥကမ(နိုင်)၀၁၅၄၀၆]တို့နှင့်ပူးတွဲ၍ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီး/သမက်/ချွေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၆/၉၇၆/၈-၆-၂၀၂၂၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် နှစ်(၆၀) ဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝမရှိကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်- ၆/၉၇၈/၂၀၂၂ (၈-၆-၂၀၂၂) တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဦးဋ္ဌေးဇော်ဝင်း[၈/ရနခ(နိုင်)၀၂၂၇၆၁]နှင့် သက်ဆိုင်သူ အများသိရှိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ(၄)လမ်း၊ အမှတ်(၁၃)က ပ-ထပ်၊ မှန်လုံခန်း(ဝဲ)နေ ဒေါ်မြင့်မြင့်သန်း[၁၂/သဃက (နိုင်) ၁၂၉၁၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

(၅-၆-၂၀၁၆)ရက်တွင် ကျွန်ုပ်မိတ်ဆွေကြီး ဒေါ်မြင့်မြင့်သန်းနှင့် ခင်ပွန်း ဦးဋ္ဌေးဇော်ဝင်းတို့မှ မိသားစု စီမံသဘောတူကတိစာချုပ်ဖြင့် မရွှေ့မပြောင်းနိုင်သောတိုက်ခန်းပစ္စည်းများအား သမီးကြီး မရည်မွန်အောင်၊ သမီးငယ် မခိုင်ဝင့်သူနှင့် သား မောင်သူရအောင်တို့အား ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များ စီမံခန့်ခွဲသဘောတူကတိဖြင့် အပြီးလွှဲအပ်ပေးထားပြီးကြောင်း ခိုင်မာသော အထောက်အထားများအရ သိရှိရပါသည်။ သို့ပါ၍ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၁၀)ရက်အတွင်း အကျိုးဆက်ခံပတ်သက်သူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံ အမြန်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက ဆက်ခံအကျိုးခံစားခွင့် အရပ်ရပ်အား ဥပဒေနှင့်အညီ စာချုပ်ပါ ကတိအတိုင်း ဆောင်ရွက်ခံစားစေမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း[၁၂/သဃက(နိုင်)၁၂၉၁၉၇]၏ လွှဲအပ်ချက်အရ-**
**ဦးထွန်းထွန်း(ဝါးခယ်မ) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၂၀/၂၀၁၁)**
**(ကန်ရှေ့၊ သုဝဏ္ဏ)၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်-၂၃(က)၊**
**ဘုရင့်နောင်လမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၄၇၁၁၇၁၊ ၀၉-၄၂၀၁၁၈၃၂၆**

## သွေး သည် အ သက်

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး မြတ်သင်း(ငြိမ်း)
## အသက်(၈၇)နှစ်

ဒုတိယဗိုလ်မှူးကြီး မြတ်သင်း(ငြိမ်း)သည် ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလ (၆)ရက် နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစု နှင့်အတူ ထပ်တူဝမ်းနည်းပါကြောင်း။

**ဗိုလ်မှူးကြီး (လှမြင့်)(ငြိမ်း)၊ ဗိုလ်ကြီး(အုန်းသွင်)(ငြိမ်း)၊ ဗိုလ်မှူး(နေဝင်း)(ငြိမ်း)၊ ဗိုလ်မှူးကြီး မျိုးဝင်း(ငြိမ်း)၊ ဦးကျော်မြင့် သံအမတ်ကြီး(ငြိမ်း)၊ ဗိုလ်မှူးကြီး မြင့်အောင်(ငြိမ်း)၊ ဗိုလ်မှူး (ကြည်စိုး)(ငြိမ်း)၊ ဗိုလ်မှူးကြီး (ညီစိုး)(ငြိမ်း)၊ ဒုဗိုလ်ချုပ်ကြီး ဆန်းဆင့်(ငြိမ်း)၊ ဒုရဲမှူးကြီး အေးကို(ငြိမ်း)၊ ဒေါက်တာမြင့်သန်း၊ ရဲမှူးကြီးဝင်းနိုင်(ငြိမ်း)နှင့် ခလရ(၂၈)မှ အရာရှိစစ်သည် မိသားစုများ**

## ဗိုလ်မှူးသူရလှမြင့်သိန်း(ငြိမ်း)
## ကြည်း ၁၃၃၃၀၊ တေဇ(၂)
## အသက်(၇၁)နှစ်

ဘားအံမြို့နေ ဦးဘဦး-ဒေါ်ခင်စိန်တို့၏သား၊ ပြင်ဦးလွင်မြို့နေ ဦးသန်းမောင်-ဒေါ်လီလီတို့၏ သားသမက်၊နေပြည်တော်နေ ဦးထွန်းမြင့်-ဒေါ်တင်ယု၊ ရန်ကုန်မြို့နေ ဦးလှသိန်း-ဒေါ်လွှမ်းရှိန် တို့၏ညီမောင်၊ အင်းတကော်မြို့၊ သပြေကုန်းကျေးရွာ၊ ဘုရားလမ်းနေ ဦးကျော်ဟိုးနောင်-ဒေါ်ဆုရတနာသိန်း၊ ဦးဆုသူရသိန်း-ဒေါ်ဆုမွန်ထွေး၊ ဦးရဲလင်းထွန်း-ဒေါ်လှရတနာသိန်း၊ ဦးဆုအောင်ဆုတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဇွန်လင်းသိန်း၊ မထက်စုရတီကျော်၊ မလင်းဆက်မွန်၊ မောင်လင်းမြတ်၊ မထက်သဒ္ဒါအောင်၊ မဆုလတ်ဝင့်ထည်တို့၏အဘိုး၊ ဒေါ်ယဉ်ယဉ်မြင့်ချို၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးသူရလှမြင့်သိန်းသည် (၅-၁-၂၀၂၃ရက်)(ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၉-၁-၂၀၂၃ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ချမ်းသာကုန်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ မြေကွက်အမှတ်(၂၂)ဟုခေါ်တွင်သော(အလျား၄၀ ပေx အနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၂ရပ်ကွက်၊ ရွှေဘုန်းရှိန်လမ်း၊ အမှတ်(၂၂)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသူရမှ အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေအမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်စာရရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုဆိုသူ ဒေါ်တင်တင်ဦး[၁၂/ကမရ(နိုင်)၀၀၄၃၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အုံးအုံး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၀၆)**
**အမှတ်(၃၃/ခ)၊ ငွေယမုံလမ်း၊ ၅/၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၅၈၇၇၂၁၄**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ (ည/၁၁)ရပ်ကွက်၊ ရရန်အောင်(၂)လမ်း၊ အမှတ်-၂၉၈/က ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၇x၆၀)ရှိ ဦးသောင်းလင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ပိုင်ရှင် ဦးသောင်းလင်း[၁၂/အစန(နိုင်)၀၃၃၃၃၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော် [၁၄/ဖပန(နိုင်)၁၆၇၁၀၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L) | ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) | ဦးမျိုးသီဟ(LL.B) |
| --- | --- | --- |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၃၃) | အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀) | အထက်တန်းရှေ့နေ(စဉ်-၅၂၁၂၇) |

**MAW MAW MYINT (M.M.M) Legal Services Co.,Ltd**
**တိုက်အမှတ်(၂၅၀)၊ (၂)လွှာ(ဘယ်)၊ ဘုရင့်နောင်လမ်း၊ (ဈ/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၇၂၉၁၇၇၅**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-စ/၇၄၊ မြေကွက်တည်နေရာအမှတ်(စ/၇၄)၊ ဦးဝိစာရလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ဝါဝါဝင်းထွန်း[၇/ပခန(နိုင်)၁၇၁၂၂၉]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်ဝါဝါဝင်းထွန်းမှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် (၁၃-၁၀-၂၀၂၂)ရက်စွဲပါစာဖြင့် (၂၀၁၉)ခုနှစ်တွင် ဒေါ်အေးပပကူးယူခဲ့သော အပိုင်ပေးမြေပုံကူးမှာ ထုတ်ယူခဲ့သည်မှာ မှန်ကန်ပြီး အပိုင်ပေးစာချုပ်ချုပ်ဆိုခဲ့ရခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်ရှိပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကတာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ညအချိန် အိပ်နေချိန်တွင်
## လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်
## လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များချမှတ်၍ ပန်းတိုင်အဖြစ် ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူနိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်...**

❖ Moving Forward **ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**နှစ်သစ်မှာ ကြွေးသစ် မတင်စေချင်၊ နှစ်ဟောင်းက ကြွေးဟောင်းသာ ဆပ်စေချင်**
ဆောင်းပါး စာမျက်နှာ » ၆

**ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ အတွင်း၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မည့် PDF အကြမ်းဖက် အဖွဲ့ဝင်များကို လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**
စာမျက်နှာ » ၁၆


**လူထုအားကစားမှသည် ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်သို့**
ဆောင်းပါး စာမျက်နှာ » ၂၄


## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃နှစ်က ဆင်ဖြူတော်(အထီး)ကလေး (၁)စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ☆



## AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းကို မလေးရှားအသင်း အိမ်ကွင်း၌ အနိုင်ယူ

**ရန်ကုန် ဇန်နဝါရီ ၇**

2022 AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ (ဒုတိယနေ့) ကို ဇန်နဝါရီ ၇ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ကျင်းပရာ မလေးရှားအသင်းက လက်ရှိချန်ပီယံ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မလေးရှားအသင်းသည် ပထမအကျော့ အိမ်ကွင်းပွဲတွင် ထိုင်းအသင်းကို အနိုင်ကစားနိုင်ခဲ့သဖြင့် ဗိုလ်လုပွဲ တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိလာသည်။ ထိုင်းအသင်းမှာမူ အဝေးကွင်းရှုံးပွဲကြောင့် စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❐




မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွင် မန်ယူက အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ ဇန်နဝါရီ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်မှာ မန်ယူအသင်းက အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ မန်ယူအသင်းက ပထမပိုင်းပွဲကစားချိန် ၄ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး အန်တိုနီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၂ မိနစ်မှာ ကိုယာဒီရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခုနစ်မိနစ်မှာရရှိခဲ့တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရဲ့ ပင်နယ်တီသွင်းဂိုးတို့ ထပ်မံရရှိခဲ့လို့ မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဗာတန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၁၄ မိနစ်မှာ ကိုယာဒီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍